# ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 27 January 2024 ၁၁၃၅၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်စေရန် အရှိန်အဟုန်မြှင့်တင်ကြိုးစား

## ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးချနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်




**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ကွန်ပျူတာအသင်းများမှ တာဝန်ရှိသူများ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကွန်ပျူတာနည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။




ကြေးမုံ

# နိုင်ငံ့အကျိုးစီးပွား စီးပွားရေးမောင်းနှင်အား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူထားစဉ် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး” နှင့် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး” ဦးတည်ချက်၊ ရည်မှန်းချက်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထိုလုပ်ငန်းစဉ်များ အကောင်အထည်ပေါ်လာရန်အတွက် “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး”ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ကုန်ကြမ်းမှ အရည်အသွေးပြည့်မီသော ကုန်ချောထုတ်လုပ်ရာတွင် ခေတ်မီတိုးတက်သည့် စက်မှုကဏ္ဍသည် အရေးပါဆုံးအချက်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းမှထွက်ရှိသော အခြေခံကုန်ကြမ်း စားသုံးဆီ၊ ဆန်နှင့် ဆန်ကွဲ၊ ဝါ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ကြိမ်၊ သစ်၊ ဝါး စသည့်ကုန်ကြမ်း ၁၀ မျိုးကို ဒေသနှင့်ကိုက်ညီမှုအလိုက် ဆောင်ရွက်ရန် သတ်မှတ်ထားသည်။ ကုန်ချောထုတ်လုပ်ရာတွင် ကုန်ကြမ်းသည် အဓိကဖြစ်ပြီး ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်လျှင် နိုင်ငံ့စီးပွားရေးသည် ဧကန်တိုးတက်လာမည်ဖြစ်သည်။

ဒေသအလိုက်ထွက်ရှိသောကုန်ကြမ်းများကို ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ကြလျှင် မိမိဒေသမှ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး ပြည်ပသို့ပင် တင်ပို့နိုင်သည်အထိ ရည်မှန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ MSME စက်မှုလုပ်ငန်းများအောင်မြင်စေရန် ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME အေဂျင်စီများ၊ MSME အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြလျှင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်မှာအမှန်ဖြစ်သည်။ အဆင့်မြင့်ကုန်ချောများထုတ်လုပ်နိုင်မှသာ သွင်းကုန်အစားထိုးနိုင်ပြီး ပြည်ပအတွက်ပင် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သာဓကအားဖြင့် ကရင်ပြည်နယ်တွင် စက်မှုလုပ်ငန်း ၁၁၈၇ ခုနှင့် အဖွဲ့ဝင် ၆၂၅ ဦးရှိသည်။ ဘားအံနှင့် မြဝတီစက်မှုဇုန် နှစ်ဇုန်ရှိသည်။ ကုန်ထုတ်လုပ်မှုတွင် ထိုက်သင့်သလောက်ဆောင်ရွက်နိုင်သည်။ လုပ်ငန်းရှင်များ လက်တွဲပူးပေါင်းဆောင်ရွက်ကြပြီး လုပ်ငန်းများတိုးချဲ့ရန် လိုအပ်သည့်အရင်းအနှီးများ ချေးယူနိုင်သည့်အခွင့်အလမ်းများလည်းရှိသည်။ ယခုအခါ အရင်းအနှီးအတွက် ချေးငွေရယူနိုင်ရန် MSME ဖွံ့ဖြိုးရေးချေးငွေသာမက ပုဂ္ဂလိကဘဏ် ၁၆ ခုမှလည်း ငွေချေးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းတို့သည် ဒေသတစ်ခုအတွက် နမူနာအလားအလာကောင်းများဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံရာတွင် အများဆုံးတင်ပြလာသည့်အချက်မှာ အရင်းအနှီးအတွက် ချေးငွေလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်၊ ကုန်ကြမ်းလိုအပ်ချက်၊ ဈေးကွက်လိုအပ်ချက်နှင့် စက်ပစ္စည်းကိရိယာ၊ မြေနေရာလိုအပ်ချက်များ တင်ပြကြသည်ကိုတွေ့ရသည်။ ယင်းတို့အနက် အရင်းအနှီးလိုအပ်ချက်မှာ အများဆုံးဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ငွေဘီလီယံ ၁၇၀ အထိ မတည်ထုတ်ပေးထားပြီးဖြစ်သည်။ သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့်ကိုက်ညီပါက အွန်လိုင်းမှတစ်ဆင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ ကျန်ရှိသော လိုအပ်ချက်များအတွက် နိုင်ငံတော်က အတတ်နိုင်ဆုံးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နည်းပညာနှင့်ပတ်သက်၍ ကုန်ပစ္စည်းအရည်အသွေး ကောင်းမွန်စေရန်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည်။ ဈေးကွက်မရရှိခြင်းနှင့် ရေရှည်မထိုးဖောက်နိုင်ခြင်းသည် အလုပ်သမားအရည်အချင်းတွင် လိုအပ်ချက်များရှိနေခြင်းကြောင့်ဖြစ်သည်။ ကျွမ်းကျင်လုပ်သားရရှိရေးအတွက် ဝန်ကြီးဌာန ၁၀ ခုတွင် လုပ်ငန်းအလိုက် သင်တန်း ၂၆၀ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် KG+9 အောင်မြင်ပြီး၍ အထက်တန်း၊ အဆင့်မြင့်မတက်ရောက်နိုင်သူများအတွက် ခရိုင် ၅၁ ခရိုင်ရှိ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် စိုက်ပျိုး၊ မွေးမြူ၊ စက်မှုပညာများ သင်ကြားပေးလျက်ရှိသည်။ ကျွမ်းကျင်လုပ်သားရမှသာ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများထွက်ရှိပြီး ဈေးကွက်အတွင်း ဝယ်လိုအား တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့အကျိုးစီးပွား တိုးတက်မြင့်မားလာရေးအတွက် အဓိကကျသည့် MSME စက်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အားပေးမြှင့်တင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့်အခွင့်အလမ်းများကို ထိထိမိမိအသုံးချ၍ အရည်အသွေးမြင့်မားသည့် ထုတ်ကုန်ပစ္စည်းများ တိုးတက်ထွက်ရှိပြီး စီးပွားရေးမောင်းနှင်အားကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ )နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မြင့်မြင့်ခိုင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) ဒေါက်တာ နန်းစိုးစိုးအောင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ကော့မှူးမြို့နယ်၌ ရှစ်မြို့နယ် သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

**ကော့မှူး ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ ရှစ်မြို့နယ် သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲ အောင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ဘုရားလမ်းရပ်ကွက် တောရကျောင်းတိုက် မိဂဒါဝုန်ဓမ္မာရုံ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ဖွင့်လှစ်ပြီး ထီးဖြူတော်ပိတ်ရတုပိုဒ်အား ဦးစိန်မြင့်က ရွတ်ဆိုပူဇော်၍ တက်ရောက်လာသူများက မြို့နယ်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝေပုလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ကိုယ်စားလှယ် ဆရာတော်ကြီးများ၊ ဝန်ဆောင်ဆရာတော်များ၊ ကျောင်းထိုင်ဆရာတော်များနှင့် စာပြန်သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးထွန်းဇော်မင်းနှင့် တာဝန်ရှိသူများက ဝတ္ထုငွေနှင့် စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးဝင်းထွန်းနိုင်က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားပြီး မြို့နယ်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တကေတုမာလာထံမှ ရေစက်သွန်းချတရားနာယူ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာတွင် ပြာသိုလပြည့် အမေနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ဒက္ခိဏာရာမတောင်ကျောင်းတိုက် ပရိဝုဏ်၌ ပြုလုပ်သည်။

ဦးစွာ ဒက္ခိဏာရာမ မဟာမုနိဘုရားကြီးရှေ့တွင် ခင်ပွန်းကြီး ၁၀ ပါး ပူဇော်ကန်တော့ပွဲပြုလုပ်ပြီး ကန်တော့ခံ အဘိုးအဘွား ၁၁၅ ဦးတို့အား ကန်တော့ကြသည်။ ဆက်လက်၍ အုပ်စုအတွင်းရှိ ကျောင်း ၁၀ ကျောင်းမှ ဆရာတော်များနှင့် အဘိုးအဘွားများအား ဂါရဝပစ္စည်းများလှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဦးစဏ်းလွင်(မန္တလေး)နှင့် သုဓမ္မဇောတဓရ ဦးမြင့်ဦးတို့က မိဘဂုဏ်ရည်ကျေးဇူးတရားများကို ဟောပြောပြီး အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၅၃၇ | ၄,၆၇၁,၉၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၇၀၂ | ၂,၀၀၃,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၄၀ | ၃၁၆,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၈၁၃ | ၁,၂၂၄,၁၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၀ | ၁၂၅,၀၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၃၀၀ | ၅၇၆,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၂ | ၁၀၃,၄၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁,၀၃၁ | ၁,၇၅၄,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်တို့က မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

☆ ရှေ့ဖုံးမှ

အိုင်စီတီနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌဦးမင်းဇေယျာလှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ကွန်ပျူတာ နည်းပညာပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ပြခန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် အခမ်းအနား အစီအစဉ်ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာ အသင်းများသည် ၁၉၉၆ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေနှင့်အညီ ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၂၅ နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**အဆင့်ဆင့်**
**ဖွဲ့စည်းထားရှိ**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကို ပညာရှင်အသင်း၊ လုပ်ငန်းရှင်အသင်း၊ ဝါသနာရှင်အသင်းတို့ကိုအခြေပြုပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်ဆင့်ဖွဲ့စည်းထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဖွဲ့စည်းခဲ့သည့် ၁၉၉၈ ခုနှစ်မှ ယနေ့အထိ ၂၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏ သတင်း အချက်အလက်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ပူးပေါင်းကြိုးပမ်းပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားကိုလည်း **“ဒစ်ဂျစ်တယ် မြန်မာသို့(Towards Digital Myanmar)”**ဟူသည့် ဆောင်ပုဒ်နှင့် ကျင်းပခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိပြီး လုပ်ငန်းစဉ်များကို များစွာ အထောက်အကူ ပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ယနေ့ကမ္ဘာကြီးတွင်**
**ဒစ်ဂျစ်တယ်နည်းပညာနှင့်**
**လွှမ်းခြုံလည်ပတ်လျက်ရှိ**

ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် လွှမ်းခြုံလည်ပတ်လျက်ရှိနေပြီ ဖြစ်ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာ တိုးတက် မြင့်မားလာသည်နှင့် အမျှ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီး အခွင့်အလမ်းများ ရယူလျက်ရှိနေကြပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် မျက်နှာစာအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်အောင် အသုံးချနိုင်သည့် နိုင်ငံများ တိုးတက်အောင်မြင်နေကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ် နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် **မိမိတို့နိုင်ငံ အနေဖြင့်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျ မကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ် စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်** ဖြစ်ပါကြောင်း။

နိုင်ငံတော် အနေဖြင့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင် နိုင်ရေးအတွက် “e-Government ဦးဆောင်ကော်မတီ”ကို ဖွဲ့စည်းထားပြီး ဦးဆောင်ကော်မတီက ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် “e-ID စနစ် လုပ်ငန်းကော်မတီ”၊ “e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ”တို့ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကွန်ပျူတာနည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**☆ မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲ အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

☆ စာမျက်နှာ ၃ မှ

နိုင်ငံတော်အတွက် အခြေခံကျပြီး အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် နိုင်ငံအတွင်းနေထိုင်သူ တစ်ဦးချင်းစီကို ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုပြီး Unique ID (UID) တစ်ခုစီနှင့် မှတ်ပုံတင်ထားရှိရေး e-ID စနစ်ကို ကူးပြောင်းနိုင်ရေးအတွက် National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများတွင်လည်း Computer-Assisted Personal Interviewing(CAPI) စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နေပြီဖြစ်

နိုင်ငံတော် အနေဖြင့်လည်း တီထွင်ဖန်တီးမှု စွမ်းရည်ကို မြှင့်တင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကို တိုးတက်အောင် ဆောင်ရွက်ရန်ဆိုသည့် မျှော်မှန်းချက်နှင့် ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ (Digital Economy Development Committee - DEDC)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။



မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ICT ပြိုင်ပွဲတွင် ဆုရရှိခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဒစ်ဂျစ်တယ် နည်းပညာကို နိုင်ငံအတွင်း ကျေးလက်ဒေသများ ပါမကျန် နေရာဒေသမရွေး အသုံးပြုနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုဖြန့်ကြက်လာနိုင်သည်နှင့် အမျှ တိုးတက်လာသည့် သတင်းအချက်အလက် နည်းပညာများနှင့်အတူ Facebook၊ Youtube၊ Telegram စသည့် ဆိုရှယ်မီဒီယာ အသုံးပြုမှုများလည်း များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ **ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျအကျိုးရှိရှိအသုံးချနိုင်ရန်အရေးကြီးပါကြောင်း၊ မိမိတို့၏အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက် လက္ခဏာ၊ နိုင်ငံတော် လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်** ဖြစ်ပါကြောင်း။

**ဒစ်ဂျစ်တယ် ရေစီးကြောင်း**

ဒစ်ဂျစ်တယ် ရေစီးကြောင်းသည် ယနေ့ကာလတွင် တန်ဖိုးရှိသည့် သတင်းအချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသည့် သတင်း အချက်အလက်များ စွန့်ပစ်ရာနေရာဖြစ်နေသည်ကိုလည်းသတိပြုကြရမည် ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများကို အန္တရာယ်ကင်းစွာ စနစ်တကျ အသုံးပြုနိုင်ရန်အတွက် သုံးစွဲသူတစ်ဦးချင်းတွင် လုံလောက်သည့် အသိပညာဗဟုသုတရှိရန် လိုအပ်သကဲ့သို့ စောင့်ထိန်းရမည့် ကျင့်ဝတ် စည်းကမ်းများကိုလည်း လိုက်နာကြရန်နှင့် ဥပဒေပိုင်းအရလည်း လိုအပ်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပေးရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် **ပြည်သူများ၏ သတင်းနည်းပညာ လုံခြုံစိတ်ချရမှုကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်ဆင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမှ တစ်ဆင့် အများပြည်သူကို အသိပညာများပေးခြင်းနှင့် လိုအပ်သည့်ဥပဒေများ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များတွင်လည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားကြ**ရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့ကမ္ဘာတွင် ဒစ်ဂျစ်တယ် နည်းပညာသည် တစ်ဟုန်ထိုး တိုးတက်နေခြင်း ဖြစ်သဖြင့်

စာမျက်နှာ ၅ သို့ ☆

**☆ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျအကျိုးရှိရှိ အသုံးချနိုင်ရန် အရေးကြီး**

**☆ မိမိတို့၏ အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်**

**☆ ဒစ်ဂျစ်တယ်ရေစီးကြောင်းသည် ယနေ့ကာလတွင် တန်ဖိုးရှိသည့် သတင်းအချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသည့် သတင်းအချက်အလက်များ စွန့်ပစ်ရာနေရာဖြစ်နေသည်ကိုလည်း သတိပြု**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁ / ၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ ၌ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုံခြုံရေးအရ ထိခိုက်စေနိုင်မည့်ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးကာကွယ်ခြင်းဖြင့် ဖြေရှင်းနိုင်ရမည်**

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် လုံခြုံရေးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအားလုံးကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်လိုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုကြည့်၍ လုံခြုံရေးအရ ထိခိုက်စေနိုင်မည့် ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးကာကွယ်ခြင်းဖြင့် ဖြေရှင်းနိုင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် Non-CDM ဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ၊ တရားမဝင်ကုန်စည်စီးဆင်းမှုများ၊ သတင်းအတု၊ သတင်းမှားများဖြန့်ဝေ၍ ပြည်သူလူထု ကြောက်ရွံ့အောင် ဆောင်ရွက်ခြင်းများအပြင် အခြားသောနည်းလမ်းမျိုးစုံဖြင့် အစိုးရ၏အုပ်ချုပ်မှု ယန္တရားပျက်ယွင်းအောင် လုပ်ဆောင်မှုများသည် လုံခြုံရေးအရ သတိပြုရမည့်ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းရပ်များကို စုပေါင်းလုပ်ဆောင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၂၀ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများမှတစ်ဆင့် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခများ၏ အခြေခံဖြစ်သည့် ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်အထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပြိုကွဲစေလိုသည့်၊ နိုင်ငံရေးအမြတ်ထုတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ဆူပူအကြမ်းဖက်သည့် လူငယ်၊ လူရွယ်များအား အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နိုင်ငံတွင်းရှိ အချို့မြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**တပ်မတော်သည် အဓိကအားဖြင့် ပြည်ပရန်ကိုကာကွယ်ရန် အဓိကတာဝန်ရှိ**

ထို့ကြောင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ လက်နက်ကိုင်အကြမ်းဖက်မှုများပပျောက်စေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည် အဓိကအားဖြင့် ပြည်ပရန်ကို ကာကွယ်ရန်အဓိကတာဝန်ရှိသည်ဖြစ်သော်လည်း နိုင်ငံတော်၏ သမိုင်းကြောင်း နောက်ခံအခြေအနေများအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးဖြစ်ပြီး သက်ဆိုင်ရာဒေသအလိုက် အထွေထွေအုပ်ချုပ်ရေးမှ **စာမျက်နှာ ၆ သို့ ✪**

★ **ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်**

★ **အဓိကမှာ အကြမ်းဖက်သူများ၏သတင်း ပေးပို့ရန်ဖြစ်ပြီး သတင်းပေးပို့သူကိုလည်း လျှို့ဝှက်ပေးရမည်**

★ **ပြည်သူ့လုံခြုံရေးစနစ်ကို စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုပြီး ပြည်သူ့လုံခြုံရေးစနစ်မှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်သို့ ဖော်ဆောင်သွားရမည်**

---

☆ **စာမျက်နှာ ၄ မှ**

မိမိတို့နိုင်ငံ ကျန်နေခဲ့ရန် မဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် **“ဒစ်ဂျစ်တယ်မြန်မာသို့ (Towards Digital Myanmar)” ဆောင်ပုဒ်နှင့်အညီ ဒစ်ဂျစ်တယ်မြန်မာ ဖြစ်ပေါ်လာစေရေး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်စေရန် အရှိန်အဟုန်မြှင့်တင်ကြိုးစား**ကြရန် လိုအပ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

**ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်**

ယနေ့လက်ရှိ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနိုင်ရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေ လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းရှိသကဲ့သို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများကလည်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်နိုင်မှသာ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာနိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်နှင့် ကွန်ပျူတာအသင်းများအနေဖြင့် ငွေရတု နှစ်ပတ်လည်ကာလမှ အနာဂတ်ကာလ တစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို မိမိတို့ကျွမ်းကျင်ရာ ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က လက်ရှိ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကျွန်ပျူတာ အသင်းများ၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ ကျွန်ပျူတာ အသင်းချုပ်နှင့် ကွန်ပျူတာ အသင်းများ၏ “၂၅ နှစ် ခရီး မှတ်တမ်း” ဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း ပြည်ပ ICT ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၅ မှ

အဓိကတာဝန်ရှိသည့် အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူတကွ ပူးပေါင်း၍ ပြည်သူလူထု၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူ့လုံခြုံရေးစနစ်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူအားလုံး ပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကမှာ အကြမ်းဖက်သူများ၏ သတင်းပေးပို့ရန်ဖြစ်ပြီး သတင်းပေးပို့သူကိုလည်း လျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး ပြည်သူ့လုံခြုံရေးစနစ်မှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်သို့ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း။

**စည်းကမ်းကောင်းသည့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်**

တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ထိထိရောက်ရောက်နှင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းရပ်များကို ကျေပွန်ရန်နှင့် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုပြီး ပြည်သူလူထုက အားကိုးယုံကြည်ရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး စည်းကမ်းပိုင်းအရ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုဖြင့် တည်ဆောက်မှသာလျှင် ပြည်သူလူထုက ပူးပေါင်းပါဝင်မည်ဖြစ်သည့်အတွက် စည်းကမ်းကောင်းသည့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းသက်တမ်းကာလတစ်လျှောက် မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် ၎င်းတို့၏ မူဝါဒများ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ့ကောင်းရာ၊ ကောင်းကျိုးကို သတ်မှတ်သက်တမ်းကာလတစ်ခုအတွင်း ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံ့အရေးကိုသာကြည့်၍ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း။

**★ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေချိန် ဖြစ်သော်လည်း စည်းလုံးညီညွတ်မှု အားနည်းနေသေးသည်ကို တွေ့ရ**

**★ လွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်ကျော်လွန်လာပြီ ဖြစ်သော်လည်း နိုင်ငံရေး ခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိသေး**

**★ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးဆိုသည့် နိုင်ငံရေး မျှော်မှန်းချက်နှစ်ရပ်ကို ချမှတ်ထားကြောင်း၊ ဒီမိုကရေစီစိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမည်ဆိုပါက အဆိုပါ မျှော်မှန်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်**

တရားမဝင် ကုန်သွယ်မှုများနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံ၌ ဥပဒေကိုကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးများစီးဆင်းမှုများဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် လုံခြုံရေးအရထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ဘိန်းစိုက်ပျိုးမှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများကို ယခုထက်ပိုမို၍ ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးကို ၎င်းတို့အကျိုးအမြတ်အတွက် လုပ်ဆောင်နေကြခြင်းဖြစ်သဖြင့် တရုတ်၊ ထိုင်း စသည့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂကဲ့သို့သော မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အွန်လိုင်းလောင်းကစားမှုများ၊ ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အတူတကွ ဆွေးနွေးကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အတွက် အပြုသဘောဖြင့် ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကား ပြောကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့် စစ်ရေးအား၊ စီးပွားရေးအားနှင့် နိုင်ငံရေးအားများ ကောင်းမွန်နေရန်လိုကြောင်း၊ အဓိကမှာ စီးပွားရေးအားကောင်းမွန်ရန် အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ဝအောင်မြင်စွာ စိုက်ပျိုးနိုင်မှုမရှိခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုများ အပြည့်အဝ ထုတ်လုပ်နိုင်ခြင်းမရှိခြင်းတို့ကြောင့် စီးပွားရေးအရ အားနည်းချက်များရှိကြောင်း၊ ကမ္ဘာပေါ်ရှိ စစ်အင်အားကြီးသည့်နိုင်ငံများ၊ စီးပွားရေးအင်အား ကောင်းမွန်သည့်နိုင်ငံများကို အခြားနိုင်ငံများက ဝင်ရောက်မစွက်ဖက်ရဲသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အားများ ကောင်းမွန်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

နိုင်ငံရေးအရ ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေချိန်ဖြစ်သော်လည်း စည်းလုံးညီညွတ်မှု အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ လွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်ကျော်လွန်လာပြီဖြစ်သော်လည်း နိုင်ငံရေးခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးဆိုသည့် နိုင်ငံရေး မျှော်မှန်းချက်နှစ်ရပ်ကို ချမှတ်ထားကြောင်း၊ ဒီမိုကရေစီစိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမည်ဆိုပါက အဆိုပါ မျှော်မှန်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသည့် ပြဿနာမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြည်နယ်၊ ဒေသများရရှိအောင် ဥပဒေပြင်ပမှ တောင်းဆိုလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်၍ ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်တတ်ရန် လိုအပ်ချက်များစွာရှိနေသေးကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည် မဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံထားသည့် ဥပဒေဖြစ်ကြောင်း၊ အဆိုပါအခြေခံဥပဒေသည် ပြည်သူအများစု၏ ဆန္ဒမဲများဖြင့် အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ကျော်လွန်ဆောင်ရွက်၍မရကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း နိုင်ငံရေးအရ ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်တွင်အတည်ပြုရန်လိုကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍မရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး လူများစုရှိသည့် တိုင်းရင်းသားများရှိသကဲ့သို့ လူနည်းစု တိုင်းရင်းသားများလည်းရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးရရှိရေးအတွက် ရွေးကောက်ပွဲကို PR စနစ်ဖြင့်ပြုလုပ်နိုင်ရန် ဆွေးနွေးဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး အခြေအနေမှန်များ သိရှိနိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံးအနေဖြင့်လည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပြည်သူတို့၏အကျိုးကို အလေးအနက်ထားကာ အမျိုးသားအကျိုးစီးပွားကို တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အဂတိတရားကင်းရှင်းသည့် ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းခံ၍ မိမိတို့အား ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်း မှာကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။






အဆိုပါသင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရတနာသိဃ်ခန်းမ၌ကျင်းပခဲ့ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးဇော်ဇော်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းကို ၂၀၂၃ ခုနှစ် ဩဂုတ် ၇ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ Distance Learning ဖြင့်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ In-House Learning ဖြင့် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၂ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ -၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။(ယာပုံ)

**တက်ရောက်ကြ**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို ကျင်းပပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှလာရောက်ယှဉ်ပြိုင်ကြသည့် ဘတ်စကက်ဘော အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဘတ်စကက်ဘော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘတ်စကက်ဘော အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားကြစေခြင်းဖြင့် ဘတ်စကက်ဘော အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေးတို့ အတွက် ဖြစ်ပါကြောင်း။

ယနေ့ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားများသည် အရပ်အမောင်းနှင့် ခွန်အား၊ သက်လုံ ဖွံ့ဖြိုးမှု အကောင်းဆုံးအရွယ်ဖြစ်သည့်အတွက် ထူးချွန်သည့် အားကစားသမားများ ဖြစ်လာအောင် မိမိတို့၏ ကျွမ်းကျင်မှု အရည်အသွေးများနှင့်ပေါင်းစပ်၍ ကြိုးပမ်း ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် အနိုင်မခံ၊ အရှုံးမပေးဘဲ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေးစား လိုက်နာကြစေလိုကြောင်း၊ ထို့ပြင် ပြိုင်ပွဲကို ကြီးကြပ်ကြမည့် ဒိုင်လူကြီးများကလည်း ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတစွာနှင့် တိကျစွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန်ပြောကြားပြီး “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘော ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ဖွင့်ပွဲပွဲစဉ်အဖြစ် ဘတ်စကက်ဘော (အမျိုးသား)ပြိုင်ပွဲ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘော ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၂ သင်းနှင့် အမျိုးသမီး ၁၁ သင်းတို့မှ အားကစားသမား စုစုပေါင်း ၃၆၉ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသအတွက် အမှန်တကယ်အကျိုးရှိမည့် လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဘဏ္ဍာငွေများ တင်ပြတောင်းခံရာတွင်လည်း ဒေသအတွင်း ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိမည့် လုပ်ငန်းများကို ဦးစားပေးတောင်းခံကြရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာငွေ သုံးစွဲရာတွင် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းအောင်မြင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုနေပြည်တော်ပျဉ်းမနားမြို့နယ်ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ နေပြည်တော် အားကစားနှင့်ကာယပညာ ကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ပြိုင်ပွဲစည်းကမ်းများကို လိုက်နာပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြကာ နိုင်ငံတော်မှ အားထားရသည့် ခရစ်ကက်အားကစားသမားကောင်းများဖြစ်လာအောင်ကြိုးစားကြရန်တိုက်တွန်းပြောကြားပြီး ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အသက် ၂၅ နှစ်အောက် ခရစ်ကက် (အမျိုးသား) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဒက္ခိဏသီရိမြို့နယ်အသင်းနှင့် ဥတ္တရသီရိမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အသက် ၂၅ နှစ်အောက် အမျိုးသားခရစ်ကက်အသင်း ရှစ်သင်း၊ အမျိုးသမီး ခရစ်ကက်အသင်း ရှစ်သင်း စုစုပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြို့ရှောင်လမ်းတစ်လျှောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများအား ပြည်သူများ ကျယ်ပြန့်စွာလိုက်နာစေရန်အတွက် စစ်ဆေးခြင်းများဆောင်ရွက်နေသည့် နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






ရန်ကုန် ဇန်နဝါရီ ၂၆

အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဧယျာသီဟခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်း မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အဖြစ်သတ်မှတ်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ အကောက်ခွန်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိအောင် ကောက်ခံပေးနေသော အကောက်ခွန် ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်နိုင်ရန်နှင့် အကောက်ခွန်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ အားကောင်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ်က ကမ္ဘာ့အကောက်ခွန်အဖွဲ့ (World Customs Organization– WCO) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၃၃) နှစ်တိုင် ရှိလာပြီဖြစ်ကြောင်း။

## ပြောကြား

ယခု ၂၀၂၄ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ဆောင်ပုဒ်မှာ "Customs– Engaging Traditional and New Partners with Purpose" ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်ကို ချမှတ်ခြင်းသည် ကမ္ဘာ့အခင်းအကျင်းတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာသည့် နည်းပညာ တိုးတက်မှုများ၊ ကုန်သွယ်မှု လျင်မြန်တိုးတက်ပြောင်းလဲလာမှုများနှင့်အတူ စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်ရန်နှင့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် ရည်ရွယ်ခြင်းလည်းဖြစ်ကြောင်း၊ အစိုးရဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်သူများ၏ယုံကြည်မှုကိုရရှိရန် နိုင်ငံ့ဝန်ထမ်းတိုင်းတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် အကောက်ခွန် ဝန်ထမ်းများအနေ ဖြင့်လည်း ပြည်သူများ၏ ယုံကြည်မှုကို အပြည့်အဝရရှိနိုင်ရေးအတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့က ထုတ်ပြန်ထားသော ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်စံနမူနာပြုပုံစံ (Model Code of Ethics and Conduct)ကို စောင့်ထိန်းနိုင်ရန် အရေးကြီးကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် သမားရိုးကျလုပ်ငန်းဆောင်ရွက်မှုမှ နည်းပညာပလက်ဖောင်းလမ်းကြောင်းတွင် ခေတ်မီနည်းပညာများဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ရေးသည် အရေးကြီးကြောင်း၊ လက်ရှိအကောင်အထည်ဖော်နေသည့် မြန်မာ့ကုန်ပစ္စည်း အလိုအလျောက် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) စနစ်ကိုအခြေခံပြီး နိုင်ငံတော်ပြတင်းတစ်ပေါက် စနစ် (National Single Window)နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒများနှင့် အကောက်ခွန် ဦးစီးဌာနက ချမှတ်ထားသည့် မူဝါဒဖြစ်သော "ရှင်းလင်းလွယ်ကူသော အကောက်ခွန် လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှုလွယ်ကူလျင်မြန် ချောမွေ့စေရန်နှင့် ရသင့်ရထိုက်သောအခွန်ငွေများ ပြည့်ဝစွာရရှိစေရန်" တို့ကိုလည်း လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားတွင် မှာကြားလိုသည်မှာ အကောက်ခွန်ဦးစီးဌာန၏ဂုဏ်ကို ရေရှည်လင်းလက်တောက်ပနေရန် အရှိန်မြှင့်တင်၍ အစွမ်းကုန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထာဝစဉ် မှတ်ကျောက်တင်ခံနိုင်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများအလိုက် ဂုဏ်ပြုမှတ်တမ်းတင်ဆုရ ဘောလုံးအသင်း၊ ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ဂုဏ်ပြုမှတ်တမ်းတင်ဆု ရရှိကြသူများ၊ ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ကျော်လွန်အောင် ကောက်ခံနိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုမှတ်တမ်းတင်ဆု ရရှိကြသူများ၊ သွေးလှူဒါန်းမှု ငါးကြိမ်နှင့်အထက် ချီးကျူးဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းတင်ဆုရရှိကြသူများ၊ ဌာနခွဲအလိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိကြသူများနှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသည့် အကောက်ခွန် ဝန်ထမ်းမိသားစုဝင်များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့သည် အကောက်ခွန် ဦးစီးဌာန၏ တစ်နှစ်တာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ယင်းနောက် အကောက်ခွန်ဦးစီးဌာနရှိ E-Lock Control Room မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး "Experience Sharing Workshop on Community Education and Youth Engagement အလုပ်ရုံဆွေးနွေးပွဲ" နှင့်စပ်လျဉ်း၍ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ





နေပြည်တော် ဇန်နဝါရီ ၂၆

မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် Experience Sharing Workshop on Community Education and Youth Engagement အလုပ်ရုံဆွေးနွေးပွဲသို့ အွန်လိုင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ခဲ့ရာ ယင်းဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်းပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက မလေးရှား၊ ဟောင်ကောင်၊ ဘရူနိုင်း၊ ဘူတန်၊ စင်ကာပူနိုင်ငံတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် လူ့အဖွဲ့အစည်းကို အသိပညာပေးခြင်းနှင့် လူငယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ အဓိကထားဆွေးနွေးပြောကြားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် ကောင်းမွန်သည့် နိုင်ငံတကာစံချိန်စံညွှန်းများကို လေ့လာ၍ အားသာချက်၊ အားနည်းချက်များအပေါ် အကဲဖြတ်သုံးသပ်ကာ ဆောင်ရွက်ရန်လိုကြောင်း၊ ယခုဆွေးနွေးပွဲမှ သိရှိရသည့် သတင်းအချက်အလက်များကိုလေ့လာ၍ ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးရေးလုပ်ငန်းများကို မြှင့်တင်ခြင်း၊ ပုံစံအသစ်များဖြင့် တိုးချဲ့ခြင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် Experience Sharing Workshop on Community Education and Youth Engagement အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးခဲ့သည်များနှင့်စပ်လျဉ်း၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမြတ်နိုင်က ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဝန်ထမ်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကာ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ် အမှတ်(၁) မူလတန်းလွန်ကျောင်း (ကံ့ကော်)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ကျိုက်ထို ဇန်နဝါရီ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း (ကံ့ကော်) ၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် မူလတန်းလွန်ကျောင်း (ကံ့ကော်)၌ ကျင်းပခဲ့သည်။

ဦးစွာ ကျောင်းအကျိုးတော်ဆောင် ဦးဉာဏ်တင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်က ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘဝင်သို့ညံ မိုးသို့ယံ ပြည်သူတို့ရဲ့အသံ

တိုင်းရင်းသားပြည်သူတစ်ဦး

ယနေ့ကာလတွင် မျိုးချစ်မြန်မာပြည်သူတစ်ရပ်လုံး မချိတင်ကဲဝမ်းနည်းမဆုံးဖြစ်နေကြရသည်။

မိသားစုအချင်းချင်းအငြင်းပွား၊ ညီအစ်ကိုအချင်းချင်းရန်လို၊ ဘာကြောင့် စစ်ခင်းတဲ့အခြေအနေအထိ ရောက်ရသလဲ။ မခေါ်ဖြစ်၊ မပြောဖြစ်ကြတဲ့ အခြေအနေမှာ ရန် / ငါသာ ပြတ်ရတော့မယ်၊ ဖားနဲ့ငါးခွဲရတော့မယ်။ တွေ့ဆုံဆွေးနွေးရေး ခဏဘေးချိတ်။ မလိုက်ချင်သူကို ထားခဲ့ရမယ်၊ တားဆီးသူကို ကျော်ဖြတ်ရမယ်၊ ပိတ်နေသူကို ဖောက်ထွက်၊ ဖျက်နေသူကို ချေမှုန်းရမယ့်အခြေအနေ။

## မျိုးချစ်ပြည်သူတို့ရဲ့ အားမရအသံတွေ ဘဝင်ညံ

ငါနှင့်မတူ ငါ့ရန်သူဟု အစွန်းရောက်သူတွေရဲ့ အမျိုးဘာသာသာသနာကို စော်ကားတာတော့ လွန်လွန်းသွားပြီ။ တစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက် ပြာပုံဘဝရောက်ပြီး တိုင်းပြည်ပျက်သုဉ်းအောင် လုပ်နေတဲ့ အဖျက်သမားအားလုံးကို အပြီးတိုင် ချေမှုန်းရတော့မယ်။ မျိုးချစ်ပြည်သူတို့ရဲ့ အားမလို အားမရအသံတွေ ဘဝင်ညံနေပြီ။

တိုင်းပြည်ပြိုကွဲမှာ၊ ဘာသာသာသနာ ညှိုးနွမ်းအောင် လုပ်နေတာကို စိတ်ပူကြ၊ စိုးရိမ်နေကြပြီ။ ခေါင်းဆောင်အားလုံးနဲ့ တပ်မတော်ကို ယုံကြည်ဆဲ၊ အားကိုးဆဲမှာ အမြင့်ဆုံးထိဆွဲတင်ရမှာက ညီညွတ်မှုနဲ့အတူ စစ်သွေးစစ်မာန်နဲ့ ဇာတိသွေး ဇာတိမာန်။ ဒီအချိန်မှာ ဟသ်ာကိုးသောင်းဇာတ်ခင်းနေတဲ့ မျိုးဖျက်မိစ္ဆာအားလုံးကို အပြီးတိုင် ချေမှုန်းသုတ်သင်ပြီး မြန်မာ့မြေပေါ်မှ အပြီးပျောက်ကွယ်သွားစေရမယ် ဆိုတဲ့ ကတိကဝတ်ကလွဲလို့ အခြားမလိုချင်ကြတော့။

ဒီအဖျက်သမားတွေဟာ ကျေးဇူးတရားမသိသူတွေပါ။ ရန်သူမျိုးငါးပါး ကြုံစဉ်အခါတိုင်း တပ်မတော်ဟာ ပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့လက်တွဲပြီး ကူညီခဲ့ကြတယ်၊ မိုခါအပါအဝင် ရေဘေး၊ လေဘေး အန္တရာယ်တိုင်းမှာ ပါဝင်ကူညီခဲ့ကြတာချည်း။ ပြန်လည်ထူထောင်ရေးအတွက် ကူညီခဲ့တဲ့ ငွေကြေး ဓနဥစ္စာကယ်ဆယ်ရေးပစ္စည်း၊ အစွန်အဖျားမကျန် ဘယ်လောက်ဝေးဝေး ဆေးကုဖို့ရောက်ခဲ့ကြတယ်၊ ဘယ်လောက်ဝေးဝေး တိုင်းတစ်ပါး အာဆာကျူးကျော်မှုမှာလည်း အသက်ပေးတိုက်ခဲ့ကြရတယ်။ တကယ်ကို မိုက်ရိုင်းစုတ်ပြတ်လွန်းတဲ့၊ ကျေးဇူးမသိ ကျေးဇူးဖောက်ဖျက်သူတွေပါ။ ဒီလိုလူတွေကို လူ့ယဉ်ကျေးစားပွဲဝိုင်းဆီဖိတ်ခေါ်၊ ငြိမ်းချမ်းရေးအတွက် အချိန်ပေးနေတာကိုက အခုအချိန်မှာ လွန်သွားပါပြီ။

တပ်မတော်နဲ့ နိုင်ငံ့ဝန်ထမ်းတွေက တိုင်းရင်းသားတွေအတွက် အရိပ်ပေး၊ သူတို့က မျောက်တွေလို အနှောင့်အယှက်ပေးနေကြတယ်။ စိုက်ကြမွေးကြ၊ လမ်းဖောက် တံတားဆောက်၊ ပျက်သွားတဲ့ အရာမှန်သမျှ ပြင်ပေးခဲ့ကြတယ်၊ တိုင်းရင်းသားအားလုံးအတွက် အချိန်ပြည့်ပေးဆပ်နေချိန်မှာ ဒီလူတစ်စု၊ တစ်ဖွဲ့က ဘိန်းစိုက်၊ မူးယစ်ဆေးထုတ် လောင်းကစားနဲ့ စီးပွားဖြစ်၊ တရားမဝင်ပစ္စည်းမှန်သမျှ သယ်ဖြန့်၊ ဘာဒီမိုကရေစီ ဘာဖက်ဒရယ်မှလည်းမဟုတ်၊ စစ်ဘုရင်ဆန်ဆန် ဘိန်းစားသာသာ နယ်မြေလု၊ ကိုယ့်တိုင်းရင်းသားအချင်းချင်း သတ်ကြဖြတ်ကြ၊ ပြန်ပေးဆွဲငွေညှစ်၊ နိုင်ငံ့ဝန်ထမ်းတွေ အဖမ်းခံရ၊ ပညာသင်ဥယျာဉ်မှူး ဆရာ ဆရာမတွေ အသတ်ခံရ၊ တိုက်ပွဲဖြစ်ပြီး လူမရှိတော့တဲ့အိမ်တွေ၊ အဆောက်အအုံတွေက သူခိုးကြမ်းပိုးလို သူများဥစ္စာပစ္စည်း အကုန်သိမ်း ခိုးကြဝှက်ကြ၊ ဖြစ်ချင်တိုင်းဖြစ်နေကြတာ။ ဗုဒ္ဓဘာသာကိုစော်ကား၊ မြန်မာငွေမကိုင်ရ၊ နိုင်ငံတော်အလံ ခြေနင်းရိုက်ချိုး၊ မြန်မာအလံမထောင်ရ၊ မြန်မာစာမသင်ရ စတဲ့ မုန်းတီးရေးဝါဒဖြန့်တဲ့ဘိန်းစားအဆင့်တွေပါ။

သာသနိကဘုရားစေတီ၊ ဘုန်းကြီးကျောင်းမီးရှို့ဖုံးခွဲဖျက်ဆီး၊ ဘုန်းကြီးသံဃာတွေသတ်၊ ငါနဲ့မတူသူ ငါ့ရန်သူအကုန်သတ် လူသတ်ဝါဒီ၊ ဖက်ဆစ်စစ်သွေးကြွ အကြမ်းဖက်လုံးလုံးပါပဲ။ ဒါတွေအားလုံး ကမ္ဘာပေါ်က လက်နက်ကိုင်သူပုန်အားလုံးထက် ဆိုးရွားလွန်းတဲ့ ပြည်တွင်းကလက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ လုပ်ရပ်ပါ။ ပညာမဲ့မျက်ကန်းတစ္ဆေဆိုတာ ဒီလိုလူတွေပါပဲ။ တိရစ္ဆာန်သာသာ ဒီလိုလူတွေဟာ ယဉ်ကျေးတဲ့လူ့အသိုင်းအဝိုင်းမှာ ရှိသင့်ပါသလား၊ သန့်စင်တဲ့ကမ္ဘာမြေအပေါ်မှာရော ရပ်တည်ခွင့်ပေးသင့်ပါသလား၊ ချေမှုန်းရပါမယ်၊ သုတ်သင်ရပါမယ်။

## အမှိုက်မှန်သမျှ ဖယ်ထုတ်ပစ်

တိုက်ပွဲနယ်မြေက ပြည်သူလူထုနဲ့ တိုင်းရင်းသားတွေဟာ အင်မတန်ဒုက္ခရောက်ရပါတယ်။ ချမ်းအေးတဲ့ရာသီမှာ အိုးပစ်အိမ်ပစ်၊ စစ်ရှောင်ဘဝရောက်ကြရ၊ အာဟာရချို့တဲ့ကြရတယ်၊ ရောဂါဘယတွေ ထူပြောရတယ်။ စီးပွားပျက်ရတယ်၊ အင်တာနက်လိုင်းတွေ ဖုန်းလိုင်းတွေပြတ်တောက်၊ ကူရာမဲ့ ကယ်ရာမဲ့၊ လျှပ်စစ်မီးပြတ်တော့ ဘာမှလုပ်မရတော့။ အရေပြားတစ်ထောက် မျက်စိတစ်ဆုံး စူးနေတဲ့ဆူး၊ ဝင်နေတဲ့ အမှိုက်မှန်သမျှ ဖယ်ထုတ်ပစ်ရမယ့်သဘောပါပဲ။

ဆူးမထုတ်ရင် ပြည်တည်နာဖြစ်မယ်၊ အမှိုက်ကို ဒီအတိုင်းထားရင် နံမယ်၊ ဟောင်မယ်၊ ပုပ်ပွမယ်။ ကိုယ့်အတွက်ပဲမဟုတ်၊ ပတ်ဝန်းကျင်အတွက်ပါ ကြည့်ရမယ်၊ ဘာသိဘာသာ နေရမယ့်အချိန်မဟုတ်၊ ကိုယ့်မိသားစု၊ ကိုယ့်အမျိုး၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံအတွက် ပေးဆပ်ကြရမယ့်အချိန်၊ တစ်ထောင့်တစ်နေရာက အားလုံးလက်တွဲပါဝင်ရမယ့် အချိန်ပါ။ နိုင်ငံရဲ့တန်ဖိုး၊ ဒီနိုင်ငံမှာ နေထိုင်တဲ့ လူသားတွေရဲ့တန်ဖိုးကို ပြန်လည်မြှင့်တင်ရမယ့်အချိန်… အားလုံးမှာတာဝန်ရှိနေတယ်လို့ ခံယူခြင်းကသာ ဖြစ်သင့်ဖြစ်ထိုက် အဖြစ်သင့်ဆုံး ခံယူချက်ဖြစ်ပါတယ်။

## ညီညွတ်မှုကို ရန်သူတိုင်းက ကြောက်

❛ ပြည်တွင်းအားညီရင် ဘယ်ပြည်ပဖိအားမှ မှုစရာမလို၊ ညီညွတ်မှုကို ရန်သူတိုင်းက ကြောက်ပါတယ်၊ မညီညွတ်လို့ ယခုအခြေအနေရောက်နေတာ၊ နိုင်ငံအရေးဟာ တပ်မတော်အရေးဖြစ်တဲ့အတွက် ပြည်သူအနေနဲ့တော့ တပ်မတော်ဘက်က တစ်သွေးတည်း တစ်သားတည်း ရပ်တည်ပြီးဖြစ်တယ်၊ ဘိုးဘွားအဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ကြတဲ့ ဒီမြေ၊ ဒီရေ၊ ဒီလေ နယ်နိမိတ်ကို ဘယ်နည်းနဲ့မှ ပြိုကွဲမခံနိုင်ဘူး ဆိုတာ မျိုးချစ်စိတ်ကြောင့်ပါ။ မြန်မာ့တပ်မတော်ရဲ့အစဉ်အလာကို တပ်မတော်နဲ့ ပြည်သူ လက်တွဲပြီးထူထောင်ကြမယ်။ နိုင်ငံရဲ့အင်အားဟာ တပ်မတော်၊ တပ်မတော်ရဲ့ အင်အားဟာ ပြည်သူပဲ ဖြစ်တယ်၊ အားလုံးပါဝင်ပတ်သက်နေတာဖြစ်တဲ့အတွက် ယခုလို ဘေးအန္တရာယ်ကျရောက်ချိန်မှာ အင်အားတွေကို စုစည်းနိုးထကြရမယ် ❜

ပြည်တွင်းအားညီရင် ဘယ်ပြည်ပဖိအားမှ မှုစရာမလို၊ ညီညွတ်မှုကို ရန်သူတိုင်းက ကြောက်ပါတယ်၊ မညီညွတ်လို့ ယခုအခြေအနေရောက်နေတာ၊ နိုင်ငံအရေးဟာ တပ်မတော်အရေးဖြစ်တဲ့အတွက် ပြည်သူအနေနဲ့တော့ တပ်မတော်ဘက်က တစ်သွေးတည်း တစ်သားတည်း ရပ်တည်ပြီးဖြစ်တယ်။ ဘိုးဘွားအဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ကြတဲ့ ဒီမြေ၊ ဒီရေ၊ ဒီလေ နယ်နိမိတ်ကို ဘယ်နည်းနဲ့မှ ပြိုကွဲမခံနိုင်ဘူးဆိုတာ မျိုးချစ်စိတ်ကြောင့်ပါ။ မြန်မာ့တပ်မတော်ရဲ့အစဉ်အလာကို တပ်မတော်နဲ့ပြည်သူ လက်တွဲပြီးထူထောင်ကြမယ်။ နိုင်ငံရဲ့အင်အားဟာ တပ်မတော်၊ တပ်မတော်ရဲ့အင်အားဟာ ပြည်သူပဲ ဖြစ်တယ်။ အားလုံးပါဝင်ပတ်သက်နေတာ ဖြစ်တဲ့အတွက် ယခုလို ဘေးအန္တရာယ်ကျရောက်ချိန်မှာ အင်အားတွေကို စုစည်းနိုးထကြရမယ်။

အသစ်နဲ့အဟောင်း၊ အထက်နဲ့အောက်၊ အတွင်းနဲ့ အပြင် အားဖြစ်စေမယ့်အရာမှန်သမျှ ရဲဘော်ရဲဘက်စိတ်နဲ့ ပြန်လည်စုစည်းသင့်ကြတယ်၊ ပြင်ပမိတ်ဆွေစစ်တွေရဲ့အားကို ယူရမယ်။ ဝေဖန်၊ စောင်းချိတ်၊ အပြစ်တင်၊ ထိုးချနေလို့မပြီး၊ အားမာန်ပါတဲ့ ရဲရဲတောက် မိန့်ခွန်းတွေအောက်မှာ စစ်ပြင်၊ စစ်ထွက်၊ စစ်တိုက်ကြရမယ်။ ရန်သူက ရန်သူအလုပ် ပီပီပြင်ပြင် လုပ်နေတဲ့အခြေအနေမှာ မိမိတို့တပ်မတော်ကလည်း စစ်သားက စစ်သားအလုပ် အကောင်းဆုံးလုပ်ဖို့သာ။ သားကောင်းရတနာတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်သမိုင်း ဘယ်တော့မှ မရိုင်းဘူးဆိုတာ ပြရမှာပါ။ နောက်ဆုံးမှာ အနိုင်အရှုံးကို တံဆိပ်ကပ်မယ့်သူက သူ့ရဲကောင်းတွေသာ ဖြစ်ပါလိမ့်မယ်။

လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသလို စုံလုံးမကန်းတဲ့ပြည်သူက တပ်မတော်ကြီးကိုသာ အနိုင်ရစေချင်တယ်၊ ပြည်သူတွေက တပ်မတော်ကိုသာ အင်မတန်အားကိုးကြပါတယ်။ ရှမ်းမြောက်ဒေသက ရွာတွေ၊ မြို့တွေက တိုင်းရင်းသားတွေဟာ မြန်မာ့တပ်မတော်ကို မျှော်ကြတယ်၊ တကယ့်စစ်သားကောင်းကို ကယ်တင်ရှင်သဖွယ် သဘောထားကြတယ်၊ မြန်မာ့မြေမှာ မြန်မာအလံစိုက်တာပဲ မြင်ချင်ကြတယ်၊ တပ်မတော်ကိုချစ်လို့ ယုံကြည်လို့ သူတို့သိသမျှ သတင်းပေးကြတယ်။

**ဘယ်သူကအဖျက်၊ ဘယ်သူကအပြုလဲ စစ်ဖြစ်ရာဒေသခံပြည်သူက အသိဆုံး၊ စစ်ရဲ့ဆိုးကျိုးဒုက္ခကို အသိဆုံးဖြစ်တဲ့ တိုင်းရင်းသားတွေဟာ ရန်သူမိတ်ဆွေ ခွဲခြားသိပြီးသားပါ။ မိမိတို့သားသမီးတွေ လူသစ်စုဆောင်းခံရပြီး လက်နက်ကိုင်အဖွဲ့ထဲ အတင်းအဓမ္မဆွဲသွင်းခံရတဲ့ အဓမ္မမှုတွေကို တိုင်းရင်းသားတွေ စက်ဆုပ်ရွံရှာနေကြပါပြီ၊ သူပုန်ဆီ ဆက်ကြေးပေးရတဲ့အပြင် ကိုယ့်သားသမီးတွေ ပညာမသင်ရ၊ ဘိန်းစားဘဝရောက်ရတဲ့အဖြစ်ကိုလည်း အော့နှလုံးနာနေကြပြီဖြစ်တဲ့ ပြည်သူတွေ….ဒီအချိန်မှာ ဘာလုပ်မလဲ။**

## အမိမြေနဲ့အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်

မိမိကိုယ်မိမိလည်း ကယ်တင်ရှင်အဖြစ် သဘောထားရမယ်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့က မိမိနဲ့မိမိမိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသ ကိုယ်ကိုယ်တိုင်ကာကွယ်ကြဖို့ပါပဲ။ ဒီနေရာမှာ ပြည်သူ့စစ်မဟုတ်တဲ့ ပြည်သူ့လုံခြုံရေးစနစ်ကို ကောင်းကောင်းသဘောပေါက်ပြီး ကိုယ့်ရပ်ရွာဒေသနဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ အနည်းဆုံးတော့ လက်နက်ငယ်တော့ ပစ်တတ်အောင်သင်၊ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားကြဖို့လိုတယ်လို့ နားလည်ထားပါတယ်။ ဒါမှသာ တိုင်းတစ်ပါးလူမျိုးခြားက ကျူးကျော်လာရင် ကိုယ့်ဒေသကိုယ် ကာကွယ်စောင့်ရှောက်ရင်း အမိမြေနဲ့အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်သွားနိုင်မှာဖြစ်တယ်လို့ ခံယူထားပါတယ်။ ဒီလိုနည်းနဲ့ ပြည်သူ့လုံခြုံရေးစနစ်မှာ နိုင်ငံချစ်တဲ့ပြည်သူတွေ ပူးပေါင်းပါဝင်ကြမှာ ဖြစ်ပါတယ်။

❛ မြန်မာပြည်ကို နှောင့်ယှက်ဖျက်ဆီးတဲ့ ဘယ်အဖျက်သမားမဆို အဆုံးသတ် မကောင်းပါဘူး၊ သမိုင်းသက်သေထင်ရှားရှိပါတယ်။ သူတို့အတွက်ဆိုတာ အချိန် ကာလ အကန့်အသတ်နဲ့ဖြစ်သလို ဗုဒ္ဓသာသနာထွန်းကားရာ မြန်မာ့မြေမှာ မကောင်း တဲ့ ရန်သူမိစ္ဆာတွေအတွက် သူတော်ကောင်းအစောင့်အရှောက်ကို ရနိုင်ဖွယ်မရှိပါဘူး။ တပ်မတော်ကတော့ နိုင်ငံနဲ့ လူမျိုးအတွက် စစ်ကိုနိုင်အောင်တိုက်မယ်၊ ဆုံးရှုံးခဲ့တဲ့ နယ်မြေတွေ ရအောင်ပြန်ယူမယ်၊ ပေးဆပ်မှုပြီးရင် ရယူမှုအလှည့်ဟာ တပ်မတော် အတွက်ပဲဖြစ်မယ်။ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက မာန်တက်နေ တဲ့ရန်သူ၊ မြန်မာ့တပ်မတော်နဲ့ မြန်မာလူမျိုးကို စော်ကားတဲ့ရန်သူကို ခေါင်းမထောင် နိုင်အောင် ချိုးနှိမ်ပေးဖို့၊ နာလန်မထူအောင် လုပ်ပေးဖို့ပါပဲ ❜

မြန်မာပြည်ကို နှောင့်ယှက်ဖျက်ဆီးတဲ့ ဘယ်အဖျက်သမားမဆို အဆုံးသတ်မကောင်းပါဘူး၊ သမိုင်းသက်သေ ထင်ရှားရှိပါတယ်။ သူတို့အတွက်ဆိုတာ အချိန်ကာလ အကန့်အသတ်နဲ့ဖြစ်သလို ဗုဒ္ဓသာသနာထွန်းကားရာ မြန်မာ့မြေမှာ မကောင်းတဲ့ရန်သူမိစ္ဆာတွေအတွက် သူတော်ကောင်း အစောင့်အရှောက်ကို ရနိုင်ဖွယ်မရှိပါဘူး။ တပ်မတော်ကတော့ နိုင်ငံနဲ့ လူမျိုးအတွက် စစ်ကိုနိုင်အောင်တိုက်မယ်၊ ဆုံးရှုံးခဲ့တဲ့နယ်မြေတွေ ရအောင်ပြန်ယူမယ်၊ ပေးဆပ်မှုပြီးရင် ရယူမှုအလှည့်ဟာ တပ်မတော်အတွက်ပဲ ဖြစ်မယ်။ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက မာန်တက်နေတဲ့ရန်သူ၊ မြန်မာ့တပ်မတော်နဲ့ မြန်မာလူမျိုးကို စော်ကားတဲ့ရန်သူကို ခေါင်းမထောင်နိုင်အောင် ချိုးနှိမ်ပေးဖို့၊ နာလန်မထူအောင် လုပ်ပေးဖို့ပါပဲ။

မြန်မာ့တပ်မတော်ရဲ့ တိုက်စွမ်းရည်ကို လက်တွေ့ဖော်ထုတ်ပြရပါမယ်။ မှန်ကန်သောစစ်၊ တရားသောစစ်အတွက် စိတ်ဓာတ်ကောင်းတဲ့ စစ်သားဟောင်းတွေအသင့်၊ မျိုးချစ်လူငယ်တွေအသင့်ပါ၊ နိုင်ငံချစ်တဲ့ပါတီတွေ၊ သာသနာကိုကာကွယ်မယ့် ဘုရားသားတော်သံဃာတွေ အားလုံးအသင့်ပါ။ စာမျက်နှာ ၁၀ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ၌ ခင်းကျင်းပြသထားသည့် သုတေသနစာတမ်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၆

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် State Academy သို့ သွားရောက်၍ (၂၃) ကြိမ်မြောက်ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံတွင် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်း များကို ကြည့်ရှုအားပေးရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဌာနမှူးများက သက်ဆိုင်ရာ သုတေသနစာတမ်းများကို ရှင်းလင်းတင်ပြသည်။



### နည်းပညာများ လွှဲပြောင်းပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားရရှိရေးတို့အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်အသီးသီးမှ ပြုလုပ်ထားရှိသည့် အောင်မြင်သော သုတေသနလုပ်ငန်းများကို ပြည်တွင်း MSME လုပ်ငန်းများသို့ နည်းပညာများ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ အတွက် အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် စက်မှုလုပ်ငန်းများအတွက်လည်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များအနေဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ထောက်ပံ့ကူညီအားဖြည့်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ပြည်ပတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် MSME များမှ ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ အောင်မြင်စေရေးအတွက် လက်တွေ့နယ်ပယ်တွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကကျကြောင်း၊ ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများသည် မဖြစ်မနေဆောင်ရွက်ကြရကြောင်း၊ အောင်မြင်သော သုတေသနလုပ်ငန်းများဖြစ်ပါက ထုတ်ကုန်အမယ်သစ်များကိုလည်း ထုတ်လုပ်နိုင်သည့်အပြင် နည်းပညာအသစ်များကိုလည်း ရရှိစေသည့်အတွက် သုတေသနလုပ်ငန်းများကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြစေလိုကြောင်း၊ အရင်းအမြစ်များသည် အကန့်အသတ်ရှိသော်လည်း တီထွင်ဖန်တီးမှုများသည် အကန့်အသတ်မရှိဟူသော ဆိုရိုးအတိုင်း တီထွင်ဖန်တီးမှုများစွာ ဆက်လက်ပြုလုပ်သွားကြရန် အကြံပြုတိုက်တွန်း ပြောကြားသည်။

သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံ (၇၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၆

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Vinay Kumar ၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးတို့က အခမ်းအနားတက်ရောက် လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ Unique ID ထုတ်ပေးခြင်းလုပ်ငန်းနှင့် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက အင်းစိန်မြို့နယ်အတွင်းရှိရပ်ကွက်များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက အဖွဲ့များခွဲ၍ ဆောင်ရွက်လျက်ရှိရာ ခရိုင်လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဆွေက အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

### ကြီးကြပ်ဆောင်ရွက်

အဆိုပါ လုပ်ငန်းများအား အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် လဝက ဦးစီးမှူးနှင့် လဝက ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

❖ စာမျက်နှာ ၉ မှ

တိုက်ပွဲပြီးမှအနားရမယ်၊ စစ်ပွဲတွေပြီးမှ ငြိမ်းချမ်းမယ်၊ ဖွံ့ဖြိုးဖို့က အဖျက်အမှောင့်မရှိမှသာ၊ မြန်မြန်အေးချမ်းဖို့က စစ်ပွဲတွေပြီးမှသာ ဖြစ်နိုင်မယ်။ ဒါကြောင့် အထူးသဖြင့် တိုင်းရင်းသားများ... သူတို့က မြန်မြန်ငြိမ်းချမ်းချင်နေကြပါပြီ။ ရန်သူကို အမြစ်ဖြတ်ဖို့ မီးကုန်ယမ်းကုန်တိုက်ပေးဖို့နဲ့ အမြစ်ဖြတ်မယ်ဆိုရင် အရင်းအမြစ်အားလုံး ပုံအောသုံးပေးဖို့၊ ပြည်တွင်းစစ်ကြီးပြီးဆုံးဖို့အတွက် တပ်မတော်ဆီက ပြည်သူတွေတောင်းချင်တဲ့ နှစ်သစ်လက်ဆောင်က ဒီတစ်ခုပါပဲ။

ဒီအသံတွေဟာ ရိုးသားဖြောင့်မတ် အမှန်တရားလိုလားတဲ့ ပြည်သူစစ်စစ်တွေရဲ့အသံပါ။ နိုင်ငံအချုပ်အခြာနဲ့ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုတဲ့ နိုင်ငံချစ်သူတွေရဲ့အသံပါ။ တိုင်းရင်းသားအချင်းချင်း စည်းစည်းလုံးလုံးရှိစေချင်တဲ့ မျိုးချစ်တိုင်းရင်းသားတွေရဲ့ အသံလည်းဖြစ်ပါတယ်။ ကြားရတဲ့အသံတွေကတော့ အားရစရာ၊ နေရာစုံ၊ နယ်ပယ်စုံက ရဟန်းရှင်လူပြည်သူအပေါင်းတို့ရဲ့ အမျိုးဘာသာသာသနာအတွက် တပ်မတော်နဲ့လက်တွဲပြီး တိုက်ပွဲဝင်မယ့်ဆန္ဒပြုသံတွေ၊ ပေါ်ထွက်လာတဲ့ ထိုအသံတွေဟာ အခုလိုအရေးကြီးကာလမျိုးမှာ ပေါက်ကွဲပြလာတဲ့အတွက် အလွန်ပဲအားရစရာကောင်းလှတဲ့အပြင် အလေးအနက်လည်း ထားရပါမယ်။

### မြန်မာတို့ရဲ့ဇာတိသွေး ရဲရဲနီကြောင်းပြဖို့

စစ်ကိုမုန်းလို့ စစ်တိုက်ကြရပါဦးမယ်၊ ငြိမ်းချမ်းရေးကို လိုချင်လို့ မတိုက်ချင်ပေမယ့် တိုက်ကြရဦးမယ်၊ မြန်မာတို့ရဲ့ဇာတိသွေး ရဲရဲနီကြောင်းပြဖို့လိုပါပြီ။ မျိုးချစ်တိုင်းရင်းသားတွေရဲ့ ထက်သန်တဲ့ ဇာတိမာန်ပြဖို့ အချိန်တန်ပါပြီ၊ ပြည်သူ့အကျိုးလိုလားတဲ့ နိုင်ငံရေးပါတီတွေ ပြည်သူ့ဘက်က မားမားမတ်မတ်ရပ်တည်ကြပါ၊ တစ်သက်မှာ တစ်ခါပဲသေတာဆိုတဲ့ သူရဲကောင်းတွေရဲ့ နှလုံးသားများ သမိုင်းမှာရှိပြီး ယခုလည်း မျက်ဝါးထင်ထင်တွေ့နေရပါပြီ။ ဒါကြောင့် တိုင်းပြည်အတွက် အသက်ပေး ဘဝခင်းသွားတဲ့ အရာရှိစစ်သည်တွေအပေါ် သစ္စာရှိရှိနဲ့ လေးစားဂုဏ်ယူလျက်ရှိစမြဲပါ။ ဘယ်တော့မှ ဦးမညွှတ်သူတွေအတွက် ဒါဟာ သမိုင်းပေးတာဝန်တစ်ခုလည်း ဖြစ်ပါတယ်။

သို့ပေမယ့် ယခုအချိန်မှာ အရေးကြီးတွေထဲက အရေးကြီးဆုံးတွေရှိနေတယ်ဆိုတာ သတိပြုဖို့ပါပဲ။ အမျိုးဘာသာသာသနာနဲ့ နိုင်ငံသားတွေကို စောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်ဖို့က ယခုလိုအချိန်မှာ အချင်းချင်းညီညွတ်ကြဖို့၊ အချင်းချင်းယုံကြည်ကြဖို့၊ ဘယ်တော့မှ သွေးမကွဲကြဖို့က အောင်မြင်မှုအားလုံးရဲ့ အရင်းခံပဲ မဟုတ်ပါလား။ ။

# (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဒုတိယနေ့ သုတေသနစာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနက အမျိုးသားအဆင့်အဖြစ် Naypyitaw State Academy တွင် ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာဘာသာရပ်အလိုက်သတ်မှတ်ထားသည့် အခန်းများ၌ သုတေသနစာတမ်းရှင်များက ဝိဇ္ဇာနှင့် သိပ္ပံသုတေသနစာတမ်းများကို ဖတ်ကြားကြပြီး တက္ကသိုလ်က သုတေသနပိုစတာများနှင့် ပြကွက်များကို ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါသုတေသနစာတမ်းဖတ်ကြားနေမှုများနှင့် တက္ကသိုလ်သုတေသနပြကွက်များ ခင်းကျင်းပြသထားမှုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ဆရာ ဆရာမများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများသည် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံရှိ တက္ကသိုလ်သုတေသနပြကွက်များနှင့် သုတေသနပိုစတာများကို လာရောက်လေ့လာကြည့်ရှုရာ သက်ဆိုင်ရာ ပြန်ခန်းတာဝန်ရှိသူများက တက္ကသိုလ်ကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံ၏ ပညာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် လာရောက်ကြသည့် (ရုရှားသိပ္ပံအကယ်ဒမီအဖွဲ့အစည်း၏ Baykov Metallurgy and Materials Institute ) နှင့် Kurgan State University ၏ သိပ္ပံနှင့်နည်းပညာ အကြံပေးပုဂ္ဂိုလ် ဒုတိယပါမောက္ခချုပ် Dr. Alexander Ssergeevich Anokhin နှင့် Kurgan State University ၏ သိပ္ပံနှင့်နည်းပညာရေးရာ ဒုတိယပါမောက္ခချုပ် Dr. Artyom Vladimirovich Sharov တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကျင်းပနေမှုများနှင့် တက္ကသိုလ်အသီးသီးမှ ပြသထားသည့် သုတေသနပိုစတာ၊ သုတေသနပြကွက်များကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး ဧည့်သည်တော်များကို တက္ကသိုလ်သုတေသနပြခန်း တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ရှင်းလင်းပြသကြသည်။

ယနေ့ကျင်းပလျက်ရှိသည့် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံတွင် ပညာရေးဝန်ကြီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များနှင့် အခြားဝန်ကြီးဌာန ခြောက်ခုမှ ပညာရေးဝန်ကြီးဌာနတွင် ပါရဂူကျမ်းလာရောက်ပြုစုနေသူ သုတေသီများက နံနက်ပိုင်းတွင် မြန်မာစာသုတေသနစာတမ်း ရှစ်စောင်၊ ဓာတုဗေဒသုတေသနစာတမ်း ရှစ်စောင်၊ ရူပဗေဒသုတေသနစာတမ်း ရှစ်စောင်၊ သတ္တဗေဒသုတေသနစာတမ်း ရှစ်စောင်၊ ရုက္ခဗေဒသုတေသနစာတမ်း ရှစ်စောင်၊ ပညာရေးစိတ်ပညာသုတေသနစာတမ်း ရှစ်စောင်၊ သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း ရှစ်စောင်၊ ဥပဒေပညာသုတေသနစာတမ်း ရှစ်စောင်၊ ဝါဏိဇ္ဇဗေဒသုတေသနစာတမ်း ရှစ်စောင်၊ ပထဝီဝင်သုတေသနစာတမ်း ရှစ်စောင် တို့ကို စာတမ်းရှင်များက ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာစာသုတေသနစာတမ်း သုံးစောင်၊ အင်္ဂလိပ်စာသုတေသနစာတမ်း ငါးစောင်၊ ဓာတုဗေဒသုတေသနစာတမ်း ကိုးစောင်၊ ရူပဗေဒသုတေသနစာတမ်း ကိုးစောင်၊ သတ္တဗေဒသုတေသနစာတမ်း ရှစ်စောင်၊ ရုက္ခဗေဒသုတေသန စာတမ်း ရှစ်စောင်၊ ပညာရေးစိတ်ပညာသုတေသနစာတမ်း ရှစ်စောင်၊ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှုသုတေသနစာတမ်း ကိုးစောင်၊ ဥပဒေပညာသုတေသနစာတမ်း လေးစောင်၊ စိတ်ပညာသုတေသနစာတမ်း လေးစောင်၊ စီမံခန့်ခွဲမှုသုတေသနစာတမ်း ခြောက်စောင်၊ အသုံးချဘောဂသုတေသနစာတမ်း နှစ်စောင်၊ ပထဝီဝင်သုတေသနစာတမ်း နှစ်စောင်၊ သမိုင်းသုတေသနစာတမ်း ခြောက်စောင် တို့ကို စာတမ်းရှင်များက ဖတ်ကြားကြပြီး ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနစာတမ်း စုစုပေါင်း ၁၆၃ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ စာတမ်းရှင်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ တွင် ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ သွားရောက်၍ ခင်းကျင်းပြသထားသည့်ပြခန်းများ၊ ဟောပြောပွဲများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်မော်လမြိုင်မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် မြို့နယ်အဆင့်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး နန့်စယ်လီလှိုင်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပညာရေးလုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအား ဆက်လက်ကျင်းပရာ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ လူရည်ချွန်ဆုရရှိသူများ၊ ဘာသာရပ်အလိုက်ထူးချွန်ဆုရရှိသူများ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ၊ ကာယ၊ ဉာဏဘက်စုံထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်၌ အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များ လေလံတင်ရောင်းချ

**တန့်ယန်း ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်း လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ် စည်ပင်သာယာရေးဌာန၌ ပြုလုပ်သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမိုင်းဟသ်ာထွန်းက လုပ်ငန်းလိုင်စင်များနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ယှဉ်ပြိုင်ဝယ်ယူ**

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင် ၁၈ ခု၊ သားသတ်လုပ်ငန်းလိုင်စင် ၂၃ ခုတို့အား စီးပွားရေး လုပ်ငန်းရှင်များက စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်လေလံစနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ ၂၀၂၄ ခုနှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်နံနက် ၁၀ နာရီက လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလွင်က အဖွင့်အမှာစကားပြောကြားသည်။

**ဆုများချီးမြှင့်**

ဆက်လက်ပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တို့တွင် လူရည်ချွန်ဆု၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီဆု၊ အင်္ဂလိပ်၊ သင်္ချာစွမ်းရည်ဆုများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် လမ်းမတော်မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးညွန့်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများ၏ စာပေလက်ရာမွန်များနှင့် ပန်းချီ ပိုစတာများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်နှင့်စပ်လျဉ်း၍ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA)ကို အသုံးပြု၍ ရူပီး/ကျပ်ဖြင့် တိုက်ရိုက်ငွေပေးချေမှု လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Rupee/Kyat Trade Settlement Mechanism အား ရှင်းလင်းတင်ပြခြင်းဆိုင်ရာအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုကိုတိုးမြှင့်နိုင်ရန်၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေနိုင်ရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချနိုင်ရန်၊ Exchange Rate Risk များ လျော့နည်းစေရန်နှင့် ပြည်တွင်းငွေကြေးသုံးစွဲမှုကို မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရူပီး-ကျပ် Trade Mechanism ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရူပီး/ကျပ် ပေးချေမှုဆိုင်ရာ လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံး၊ အိန္ဒိယနိုင်ငံဗဟိုဘဏ် (Reserve Bank of India)၊ Department of Financial Services, Ministry of Finance, India တို့အကြား အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး၊ Joint Concept Note Paper နှင့် Standard Operating Procedures (SOPs) များကိုလည်း အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ "အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA)ကို အသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းစဉ်များဆိုင်ရာလမ်းညွှန်ချက် (Guideline)" အား သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များတောင်းခံ၍ ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ဖေဖော်ဝါရီလမှစ၍ ပေးချေမှုများစတင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ကုန်သည်များကိုလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ အိန္ဒိယကုန်သည်များအသင်းတို့နှင့် ပူးပေါင်း၍ ရှင်းလင်းပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံမှ အဓိကတင်သွင်းနေသည့် ဆေးဝါးနှင့်ကုန်စည်များအတွက် ပေးချေရသည့် အမေရိကန်ဒေါ်လာ လိုအပ်ချက် လျော့နည်းသွားခြင်း၊ ကုန်သွယ်မှုအတွက် ငွေပေးချေမှုပိုမိုလွယ်ကူစေခြင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာပြီး ထင်သာမြင်သာ ရှိလာစေခြင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရူပီး/ကျပ် ပေးချေမှုအတွက် ဆောင်ရွက်ခွင့်ပြုထားသည့်ဘဏ် (Designated Bank) များဖြစ်သည့် ယူအေဘီဘဏ်လီမိတက်နှင့် CB Bank PCL နှင့် Punjab National Bank တို့မှ Rupee/Kyat Trade Settlement Mechanism ကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ရှိသူများက အိန္ဒိယ-မြန်မာ ကုန်သွယ်မှုအခြေအနေများနှင့် ရူပီး/ကျပ်ဖြင့် တိုက်ရိုက် ငွေပေးချေမှုလုပ်ငန်းစတင်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ အဆင့်မြင့်အရာထမ်းများ၊ ရူပီး/ကျပ် ပေးချေမှုဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆောင်ရွက်ခွင့်ပြုထားသည့်ဘဏ် (Designated Bank) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အဖွဲ့ဝင်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့မှ ကိုယ်စားလှယ်များက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။



ဦးစွာ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက အစားထိုးအဖွဲ့အနေဖြင့် ဘိန်းစိုက်ပျိုးမှုရှိနေသည့် မြို့နယ် ၅၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး/ဆီဆိုင်မြို့နယ် (မဲနယ်တောင်ကြောနှင့် ပွန် ချောင်းကြား) ဒေသတွင် ဆောင်ရွက်မည့် ဒုတိယအကြိမ်ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားကြရန်၊ မြန်မာနိုင်ငံ အတွင်း ဘိန်းစိုက်ပျိုးသည့်ဒေသများတွင်အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းသည် ဒေသခံများ၏ အခြေခံလိုအပ်ချက်များကို နိုင်ငံတော်ရန်ပုံငွေများ အကုန်ကျခံ၍ ဆောင်ရွက်နေခြင်းဖြစ်၍ အမှန်တကယ်အရေးပါသည့် လုပ်ငန်းလိုအပ်ချက်ဖြစ်ပြီး ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အချိန်အဟုန်မြှင့် ဟန်ချက်ညီညီဆောင်ရွက်သွားရန်နှင့် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ဝင်ဦးစီးဌာနများအနေဖြင့် ဒုတိယ အကြိမ်ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းများ ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုက ၂၀၂၃ ခုနှစ်အတွင်း အဖွဲ့ဝင်ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဒုတိယအကြိမ်ရွှေ့ပြောင်းစီမံကိန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် သုံးသပ်အကြံပြုချက်များကို ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးတင်ပြကြရာ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ပံတန်းမြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေး သရုပ်ပြ

**လက်ပံတန်း ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ စည်ပင်သာယာရေး မြို့မဈေးကြီးတွင် ဇန်နဝါရီ ၂၅ ရက်နံနက် ၉ နာရီခန့်က မီးဘေးကာကွယ်ရေး သရုပ်ပြဆောင်ရွက်ကြသည်။ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်၊ တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းတို့က မီးသတ်ယာဉ်သုံးစီးဖြင့် မြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်ခြင်း၊ အပေါ့စားရေစုပ်စက်များဖြင့် ရေပက်ခြင်း၊ ဈေးကြီးပြင်ပမှ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမြိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် ဈေးသူ ဈေးသားတို့က သွားရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

အဆိုပါ ဈေးကြီးတွင် မီးဘေးကာကွယ်ရေးအတွက် အပေါ့စားရေစုပ်စက် ခြောက်လုံး၊ ရေတွင်းတစ်တွင်း၊ ရေကန် သုံးကန်၊ ရေစင်နှစ်ခုတို့ ထားရှိကြောင်း သိရသည်။ **အောင်ဆင့်**



# ညောင်တုန်းမြို့၌ မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (မြို့နယ်အဆင့်)ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်စိုးလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက်ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံဆုနှင်းသဘင်အခမ်းအနားကိုကျင်းပရာ ဗဟိုအဆင့်နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ၊ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၃)တွင်သင်တန်းသားစံပြဆု၊(၂၄)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ဗဟိုအဆင့်ဆုရ ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးအဆင့် သင်္ချာထူးချွန်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် မြို့နယ်ဘက်စုံထူးချွန်လူရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ၊ ကဗျာ၊ စာစီစာကုံးဆုရရှိသူများ၊ မြို့နယ်/ခရိုင်/တိုင်းအဆင့်၊ ကဗျာ၊ စာပေ၊ ဂီတ၊ အားကစားထူးချွန်နှင့် ဘက်စုံထူးချွန်ဆု စုစုပေါင်း ၂၅၃ ဆုတို့အား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံနောက်ဆုံးနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကျန်းမာရေး ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" နောက်ဆုံးနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန ရုံးချုပ်တွင် ကျင်းပသည်။

**နှီးနှောဖလှယ်**

နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ဆေးသုတေသန ဦးစီးဌာန လူပုဂ္ဂိုလ်များ သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်သက်ဝေတို့က ဆောင်ရွက်၍ ကျန်းမာရေးဆိုင်ရာ သုတေသနများ ဆောင်ရွက်ရာတွင် သုတေသီတို့အတွက် အရေးကြီးသည့် အလေးထားကျင့်သုံးရမည့် သုတေသနကျင့်ဝတ်များကို မီးမောင်းထိုးပြသနိုင်ရေးအတွက် "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"၏ အဓိက သုတေသန ဦးတည်ချက်ခေါင်းစဉ် (Theme)ဖြစ်သည့် ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့(Enhancing Research Integrity and Research Ethics)ဖြင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ကြသည်။

ယင်းနှီးနှောဖလှယ်ပွဲတွင် ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဇော်ဇော်ဦးက "သုတေသန၏ ကောင်းကျိုး၊ ဆိုးကျိုးကို သုံးသပ်ခြင်းနှင့် ထိခိုက်လွယ်သော လူအုပ်စုများကို အကာအကွယ်ပေးခြင်း"၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းဝန်က "သုတေသနတွင်ပါဝင်ရန် သဘောတူခွင့်ပြုချက်ပုံစံများ"၊ ဆေးတက္ကသိုလ်(၁)မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ခင်မာမြင့်က "သုတေသနဆိုင်ရာ ခိုးယူခြင်း"၊ ဆေးသုတေသန ဦးစီးဌာနမှ သုတေသနမှူး ဒေါက်တာ ကျော်လွင်ရှိုးက "သုတေသန အချက်အလက်ဆိုင်ရာ ကျင့်ဝတ်များ"နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ တိုးသီရိအောင်က "ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်သော သုတေသနများ ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် သုတေသန ကျင့်ဝတ်ဆိုင်ရာ အခက်အခဲများ"တို့ကို ဆွေးနွေးတင်ပြကြသည်။

ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ဝါရင့်သုတေသီကျင့်ဝတ်ဆိုင်ရာ ပညာရှင်များက သုတေသန ကျင့်ဝတ်ဆိုင်ရာ နည်းပညာများကို ဆွေးနွေးတင်ပြပြီး အတွေ့အကြုံ ဖလှယ်ခဲ့ကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲပြီးနောက် သုတေသနညီလာခံ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်းက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားသည်။

ညီလာခံနောက်ဆုံးနေ့၏ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာ သုံးသပ်




ချက်များနှင့် ဆုရရှိသည့်စာတမ်းများနှင့် ဆုရရှိသည့် ပိုစတာများကို ကြေညာရာ အကောင်းဆုံးအခြေခံ သုတေသနစာတမ်း ပထမဆုကို ဆေးသုတေသန ဦးစီးဌာနမှ ဒေါက်တာထင်လင်းနှင့် အဖွဲ့က "၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်ကလေးဆေးရုံကြီးသို့ ဝမ်းလျှောရောဂါကြောင့် တက်ရောက်ကုသမှုခံယူကြသော ကလေးများရှိ ရိုတာဗိုင်းရပ်စ်-အေ အမျိုးအစား၏ ဖြစ်ပွားမှုနှုန်း၊ အဖြစ်များသော ရာသီနှင့် ပိုးမျိုးခွဲများပျံ့နှံ့နေပုံတို့ကို လေ့လာခြင်း၊ (ရန်ကုန်တွင် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး စတင် တိုက်ကျွေးခြင်း၏ အကျိုးသက်ရောက်မှုကို ကာကွယ်ဆေး စတင်ပြီးစကာလတွင် ဆန်းစစ်လေ့လာခြင်း)"သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံး အခြေခံ သုတေသနစာတမ်း ဒုတိယဆုကိုဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာသက်သက်မာနှင့် အဖွဲ့က "ငန်းတော်ကျား အဆိပ်ဖြေဆေးနှင့် မြွေဟောက်အဆိပ်ဖြေဆေးမှ ငန်းတော်ကျား မြွေဆိပ်ကို ချေဖျက်နိုင်သည့် သတ္တိ ရှိ၊ မရှိကို လေ့လာခြင်း" သုတေသနစာတမ်းက လည်းကောင်းရရှိသည်။

အကောင်းဆုံး အသုံးချ သုတေသနစာတမ်း ပထမဆုကို ဆေးသုတေသန ဦးစီးဌာနမှ ဒေါက်တာခင်နှင်းပွင့်နှင့် အဖွဲ့က "မြန်မာဆေးယဉ်ပါးတီဘီလူနာများတွင် လင်နီဇိုးလစ်ဆေးပမာဏ နှစ်မျိုး၏ထိရောက်မှု၊ ဘေးကင်းမှုတို့ကို ခန္ဓာကိုယ်တွင်း ဆေးဝါးကြမ္မာ(Pharmacokinetics)နှင့် ဆေးဝါး၏ ခန္ဓာကိုယ်အပေါ် သက်ရောက်မှု (Pharmacodynamics)နည်းလမ်းဖြင့် ရှာဖွေခြင်း" သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံး အသုံးချ သုတေသနစာတမ်း ဒုတိယဆုကို ဆေးသုတေသန ဦးစီးဌာနမှ ဒေါက်တာအောင်ကျော်ကျော်နှင့် အဖွဲ့က "၂၀၁၈ မှ ၂၀၂၃ ခုနှစ် မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သော သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးဗီဇများပြောင်းလဲမှု၊ လူနာများ၏ ကိုယ်ခံစွမ်းအား အခြေအနေ၊ ရောဂါပြင်းထန်မှု အခြေအနေများကို လေ့လာခြင်း" သုတေသနစာတမ်းက လည်းကောင်း ရရှိသည်။

အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်း ပထမဆုကို လူထုအခြေပြု ကိုဗစ်-၁၉ သုတေသနအဖွဲ့က "မြန်မာနိုင်ငံ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားမှုနှင့် ယင်းနှင့် ဆက်စပ်သည့်အကြောင်းအရာများကို ပြည်သူလူထုအခြေပြု လေ့လာခြင်း" သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်း ဒုတိယဆုကို သူနာပြုတက္ကသိုလ်(မန္တလေး)မှ ဒေါ်အိအိမွန်နှင့်အဖွဲ့က "မန္တလေးပြည်သူ့ဆေးရုံကြီးရှိ ဆေးရုံ၏ ကျင့်ဝတ်နှင့် သက်ဆိုင်သော အခြေအနေနှင့် သူနာပြုများ၏ ကိုယ်ကျင့်တရားစောင့်ထိန်းနိုင်မှုအား လေ့လာဆန်းစစ်ခြင်း"သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသနစာတမ်းတတိယဆုကို ဆေးတက္ကသိုလ်(၁)မှ ဒေါက်တာနန်းယုဇနဇော်နှင့် အဖွဲ့က "ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်သို့ လာရောက်ပြသသော ကလေးရရန်ခက်ခဲသော အမျိုးသမီးများတွင် မျိုးပွားခြင်းနှင့် သက်ဆိုင်သော ဗဟုသုတ၊ ခံယူချက်သဘောထားနှင့် ထိုရောဂါအတွက် ကုသမှုရှာဖွေပုံ အမူအကျင့်များကို လေ့လာခြင်း" သုတေသနစာတမ်းက လည်းကောင်း ရရှိသည်။

**ပိုစတာပထမဆု**

အကောင်းဆုံး ပိုစတာ ပထမဆုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်မြင့်နှင့် အဖွဲ့က "ဆေးတိုးတီဘီကုထုံး မအောင်မြင်သည့် လူနာများတွင် ကောင်းမွန်သော ကုသမှုဆိုင်ရာ တုံ့ပြန်မှုများတွေ့ရှိလာခြင်း-ပုံမှန်ရောဂါရှာဖွေစမ်းသပ်မှုများဖြင့် မတွေ့ရှိနိုင်သည့် Rifampicin ဆေးယဉ်ပါးမှုဆိုင်ရာ ဗီဇပြောင်းလဲမှုများကိုဖော်ထုတ်ခြင်း၏ အရေးပါပုံ"ပိုစတာက လည်းကောင်း၊ အကောင်းဆုံးပိုစတာ ဒုတိယဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ မောင်မောင်မြနှင့် အဖွဲ့က "တိုင်းရင်းဆေးဖက်ဝင် အသီးမျိုးဖြစ်သော လိမ္မော်ခွံအဆီဖြင့် ခြင်သားလောင်းများ သေစေနိုင်စွမ်းနှင့် ခြင်မကိုက်အောင် တားဆီးနိုင်စွမ်းကို သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သော အေးဒီးခြင်သားလောင်းများနှင့် ခြင်များပေါ် စမ်းသပ်ခြင်း" ပိုစတာက လည်းကောင်း၊ အကောင်းဆုံး ပိုစတာတတိယဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာရီရီကျော်နှင့်အဖွဲ့က "မြန်မာနိုင်ငံတွင် Next Generation Sequencing နည်းလမ်းကို အသုံးပြု၍ အသည်းရောင်အသားဝါ ဘီပိုးအတွက် မျိုးဗီဇတစ်ခုလုံး စိစစ်ခြင်းနည်းပညာသစ်ဆောင်ရွက်ခြင်း" ပိုစတာကလည်းကောင်း ရရှိသည်။ ဆက်လက်၍ ဆုရွေးချယ်ရေးအဖွဲ့ဝင်များသည် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

**သထုံ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် ဇေ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် ယမန်နေ့ နံနက်က ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက် စသည့် အခြေခံစားသောက်ကုန်များကို သတ်မှတ်ထားသည့် သက်သာသောဈေးနှုန်းများဖြင့် တာဝန်ရှိသူတို့က ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ရောင်းချပေးရာတွင် ဧည့်မထဆန် တစ်ပြည်လျှင် ငွေကျပ် ၂၈၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ နှင့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက် စသည့် အခြေခံ စားသောက်ကုန်အမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းများဖြင့် စနစ်တကျ ရောင်းချပေးရာ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက အေးချမ်းပျော်ရွှင်စွာ လာရောက်ဝယ်ယူခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**လှည်းကူး ဇန်နဝါရီ ၂၆**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၃၄ ဦးအား မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ငွေများ ထုတ်ပေးပြီး ယမန်နေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သောင်းဒန်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည်။ ထို့ပြင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ပြည့်ပြည့်ဖြိုး ဦးဆောင်သော အဖွဲ့ဝင်များက ကွင်းဆင်းကုသပေးခဲ့သည်။



လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က လှည်းကူးမြို့နယ် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကော်မတီသို့ အလှူငွေကျပ် ၈၇၅၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ပတ်ဝန်းကျင်တွင် တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။




နမ့်စန်မြို့ပတ်ဝန်းကျင်တစ်ဝိုက်၌ တရားမဝင် တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိသည့်နေရာပြပုံ။

**ဖမ်းဆီးရမိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ပတ်ဝန်းကျင်တွင် တရားမဝင် တရုတ်နိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းပေးပို့မှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၃ ရက်မှစ၍ ရှောင်တခင်စစ်ဆေးရှာဖွေဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့ပတ်ဝန်းကျင်ရှိ နေရာသုံးနေရာမှ တရားမဝင် ဝင်ရောက်နေထိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၀၂ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၁၃၈ ဦးကို ထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ ပတ်ဝန်းကျင်မှ တရားမဝင် ဝင်ရောက်နေထိုင်သူ တရုတ်နိုင်ငံသားများကို ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ကျေနပ်မှု မရှိသူများက အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများသို့ သတင်းပေးကာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူများက အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ပြီး ဝါဒဖြန့်သတင်းအမှားများကို လူမှုကွန်ရက်တွင် ဖြန့်ဝေနေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းအွန်လိုင်း လိမ်လည်မှုများနှင့် အခြား တရားမဝင်လုပ်ငန်းလုပ်ဆောင်သူများ၊ တရားမဝင် ဝင်ရောက်နေထိုင်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ တရားဥပဒေ စိုးမိုးရေးအဖွဲ့များက စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ် ဆက်သွယ်၍ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူများသိရှိနိုင်ရေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁၅ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၇၅ ကီလို၊ အိုက်စ် ၁၅၀၂ ကီလို၊ ကက်တမင်း ၅၅ ကီလိုနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁၅ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၇၅ ကီလို၊ အိုက်စ် ၁၅၀၂ကီလို၊ ကက်တမင်း ၅၅ ကီလိုနှင့် လက်နက်/ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းဆတ်သွားကားလမ်း နားကော်(၃)ရွာအနီး၌ စောင့်ဆိုင်းနေစဉ် သတင်းရရှိထားသည့် Toyota Hilux Revo ယာဉ် ရောက်ရှိလာသဖြင့် ရှာဖွေခဲ့ရာ အားစောနှင့် အားကော်တို့ သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၅၀၀ (အလေးချိန် ၁၇၅ ကီလို)၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၅၀၂ ကီလို၊ ကက်တမင်း ၅၅ ကီလိုနှင့် M 16 သေနတ်တစ်လက်၊ ၎င်းကျည်အတောင့် ၃၀၊ M 22 သေနတ်တစ်လက်၊ ၎င်းကျည်အတောင့် ၃၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ငါးပေါင်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ငါးပေါင်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ နိုင်နိုင်အောင် (ခ) ကရင် (ခ) ကတုံးက တစ်မြို့နယ်တည်းနေ ဦး----၊ ၃၆/၂၀၂၃ နှစ်အား ဖျာပုံမြို့တွင် သံပန်း/သံတံခါး အလုပ်လုပ်ရမည်၊ တစ်ရက်လျှင် စရိတ်ငြိမ်း ကျပ် ၁၈၀၀၀ ရမည်ဟု စည်းရုံးပြောဆိုကာ ဖျာပုံမြို့ရှိ ငါးပေါင်းသင်္ဘောပေါ် သို့ပို့ဆောင်ကာ အဓမ္မခိုင်းစေပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၄၉၁/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ - ၃၆ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် တရားခံ နိုင်နိုင်အောင် (ခ) ကရင် (ခ) ကတုံးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ထန်းငြိမ်း(ခ)ဖက်တီးကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီခွဲတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအုပ်စု ဝါးရှောင်ကျေးရွာအနီးတွင် မယိန်းနာမ် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၇၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၃)နေ ထန်းငြိမ်း(ခ)ဖက်တီး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Tinzar Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၆)ရပ်ကွက်(အရှေ့)နေ တင်ဇာလွင်အား မွန်းလွဲ ၂ နာရီတွင် သာကေတမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်ရှိ ဒေသခံပြည်သူ ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီး တံတားတစ်စင်းကိုပါ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ အညာစုကျေးရွာနှင့် အထက်ဝိုင်းပတ်ကျေးရွာတို့မှ ဒေသခံပြည်သူ ၈၀ ကျော်ကို ဇန်နဝါရီ ၂၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး အညာစုကျေးရွာနှင့် အထက်ဝိုင်းပတ်ကျေးရွာကို ဆက်သွယ်ထားသည့် သစ်သားတံတားကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မီးရှို့ထွက်ပြေး**

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၂၄ ရက်က တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ အကြမ်းဖက်သောင်းကျန်းသူများက ဝေါမြို့နယ် ကျေးရွာများအတွင်းဝင်ရောက်၍ ဒေသခံပြည်သူများကို လူသစ်စုဆောင်းခြင်းနှင့် ငွေကြေးကောက်ခံမှုများ ပြုလုပ်နေကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာသို့သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာချင်းဆက် တံတားတစ်စင်းကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# လှိုင်ကော်မြို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးများကြဲချမှုကြောင့် နှစ်ထပ်ဈေးတစ်ဝိုက် ဆိုင်ခန်းများနှင့် လူနေအိမ်များ မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၂၆**

ကယားပြည်နယ် လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ နှစ်ထပ်ဈေးကို ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် မီးလောင်ဗုံးများ ကြဲချမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လှိုင်ကော်မြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ နှစ်ထပ်ဈေး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းနှစ်ထပ်ဈေးသည် ဇန်နဝါရီ ၂၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပြီး ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်များတွင် လုပ်ကြံရေးသားဖြန့်ဝေနေပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းကြေညာချက်

၁။ Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS. Prima Nusantara X ဖြင့် မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂.၄၉၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉.၀၀၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇.၀၆၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၅.၆၂၉ မိနစ်တွင်(၂၈-၁-၂၀၂၄) ရက်နေ့မှ(၁၁-၂-၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅.၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉.၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄.၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉.၅၃၉၀ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၁၅၂၄ မိနစ်၊ အရှေ့လောင်ဂျီ တွဒ် ၀၉၆ ဒီဂရီ ၂၈.၇၀၅၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၀.၇၈၇၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈.၆၂၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆.၅၇၈၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၅၂၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅.၈၃၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၄၉၇၈ မိနစ်တွင် (၁၂-၂-၂၀၂၄) ရက်နေ့မှ(၁၄-၂-၂၀၂၄)ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅.၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉.၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄.၉၂၈၇ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉.၅၃၉၀ မိနစ်တွင် (၁၅-၂-၂၀၂၄)ရက်နေ့ မှ (၁၆-၂-၂၀၂၄) ရက်နေ့အထိ လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂.၆၄၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀.၃၄၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁.၆၄၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀.၃၃၈ မိနစ်တွင် (၁၇-၂-၂၀၂၄)ရက်နေ့မှ (၂၀-၂-၂၀၂၄)ရက်နေ့အထိ လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၃ မိနစ်တွင်(၂၂-၂-၂၀၂၄)ရက်နေ့မှ(၂-၃-၂၀၂၄)ရက်နေ့အထိ လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅.၉၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၃၁.၉၆၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၇ မိနစ်တွင် (၃-၃-၂၀၂၄)ရက်နေ့မှ (၅-၅-၂၀၂၄)ရက်နေ့အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်များ ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်မည့်လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# မိတ္ထီလာမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေး လှုပ်ရှားမှုကို ယမန်နေ့က မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမ ဘေးဝဲ/ယာတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာ၌ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမတွင် ဖြတ်သန်းသွားလာသူများအား အသိပညာပေး လက်ကမ်းစာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်နှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးနေဦးနှင့် သူနာပြုတပ်ဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် အထက(၄)အနီးမှ ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်းရှေ့အထိ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ အမှိုက်များကို ကောက်ယူသိမ်းဆည်းကာ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းတို့က အဖွင့်အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းအဆင့် “A” ရရှိသော ကျောင်းသား ကျောင်းသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မြို့နယ်အဆင့်၊ ကျောင်းအဆင့် ဥာဏ်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ကာယဆုရရှိသော ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၄၃ ဦးနှင့် သင်ပြမှုထူးချွန်ဆုရရှိသည့် ဆရာ ဆရာမများအား မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ် ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာသည့် ဧည့်သည်များနှင့် ကျောင်းသား မိဘများအား ကျောင်းသား ကျောင်းသူများက အကပဒေသာများ၊ တေးသရုပ်ဖော်များဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။



**တင်စိုးလွင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပ

ပဲခူး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အမြန်ဆုံး အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများက အတူပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိလာသည့် MSMEs ထွက်ကုန်များသည် ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အဓိကထား အသုံးပြုရန်နှင့် အရည်အသွေးနှင့်ထုပ်ပိုးမှုစနစ်များ အဆင့်မြင့်တင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းလမ်း လေးသွယ် ပြည့်စုံကောင်းမွန်ရန်လိုအပ်ပြီး မြေလပ်မရှိ စိုက်ပျိုးနိုင်ရေးနှင့်ဒေသတွင်းသီးနှံစိုက်စွမ်းအား၊ သီးထပ်စွမ်းအား ပိုမိုတိုးတက်စေရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးဝန်ကြီးများက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရသင့်ရထိုက်သည့် အခွန်ငွေနှင့် ကြွေးကျန်ကိစ္စရပ်များအပေါ် ဖြေရှင်းဆောင်ရွက်သွားရမည့်နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများရှိ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက အေးချမ်းတည်ငြိမ်စွာ ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပညာသင်ကြားမှုဆိုင်ရာကိစ္စရပ်များ၊ အားကစားယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့် သီးခြားလိုအပ်ချက်များကို တင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနတစ်ခုချင်းအလိုက် တင်ပြချက်များပေါ် အသေးစိတ်ပြန်လည်လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများဆိုင်ရာ အမိန့်ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲ ကျင်းပ



မြစ်ကြီးနား ဇန်နဝါရီ ၂၆

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဆန်းစစ်ချက်ပုံစံများအား ပြည်နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ တင့်နိုင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ သီတာဝင်းက ဆေးလိပ် ဆေးရွက်ကြီး အန္တရာယ်နှင့် အမိန့်စာပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာ ဇော်ရိန်က ထုတ်ပြန်ထားသည့် အမိန့်စာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဥပဒေအရာရှိများ၊ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူးများ၊ ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၇၅၀ | ၂၇၆၅ | ၂၇၁၀ | ၂၇၅၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၃၅ | ၂၈၃၅ | ၂၈၅၀ | ၂၇၆၅ | ၂၇၅၀ | ၂၇၉၀ | ၂၇၉၀ | ၂၇၉၀ | ၃၀၂၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၈၀ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၅ | ၂၉၄၀ | ၂၉၄၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၅ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၇၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၅၅ | ၂၅၇၀ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၆၁၅ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၇၁၈ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဇမ္ဗူသီရိမြို့နယ် အထက (၉) ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါကျောင်းပညာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ဒသမတန်းကျောင်းသား ကျောင်းသူလေးများက "ကြိုဆိုပါသည်စုံညီပွဲတော်"သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစံဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးဝင်းက ကျေးဇူးတင်စကားပြောကြား၍ သင်ကြားထူးချွန်ဆုရဆရာ ဆရာမများ၊စာစီစာကုံး၊ပန်းချီ၊ဆောင်းပါး၊ လူရည်ချွန်၊EM အားကစားဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဘော်ဂါသွေး**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ မုံရွာမြို့၊ ရွှေဘိုမြို့တို့အတွင်းရှိဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊သုခကာရီဓမ္မအလင်းရောင် အသင်းဝင်များ စုစုပေါင်း ၂၁၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး အတွင်းပိုင်းရှိ ဗုဒ္ဓဘုရားရှင်၏ ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် ဗုဒ္ဓပန်းချီကားများအား စကျင်ကျောက်သားဖြင့် ပုံဖော်ထားရှိမှုနှင့် လိုဏ်မျက်နှာကြက်တွင် သစ္စာလေးပါး၊ မဂ္ဂင် ရှစ်ပါးနှင့် ၂၄ ပစ္စည်းတို့ကို ကြေးပန်းတည်း၊ ရွှေဇဝါယွန်းတို့ဖြင့် သွန်းလုပ်ပုဖော်ထားရှိမှုများကို လေ့လာကြည့်ရှုကြပြီး စေတီတော်ပရိဝုဏ် အရှေ့မြောက်ထောင့်ရှိဘုံခုနစ်ဆင့်ပါရှိသော ဂန္ဓကုဋ္ဌိကျောင်းဆောင်တော်အတွင်းရှိ မဟာဆုတောင်းပြည့်ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်သို့ သွားရောက်ပြီး ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" နှင့် ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် နိုင်ငံတော်၏ လွတ်လပ်ရေးထိန်းသိမ်းမှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်ဆောက်ကြိုးပမ်းမှုသမိုင်း၌ နိုင်ငံတော်အတွက် အသက်ကို စွန့်လွှတ်၍ မှန်ကန်ရဲဝံ့စွာ ဆောင်ရွက်ခဲ့သည့် သူရဲကောင်းတို့၏ ကွန်းခိုရာဗိမာန်ဖြစ်သည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သား သူရဲကောင်းများအား ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

သတင်းစဉ်

# ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ကျန်စစ်သားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်



ဘားအံ ဇန်နဝါရီ ၂၆

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့ အမှတ်(၉) ရပ်ကွက် ကျန်စစ်သားလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

လမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်တွင် မြို့တွင်းလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အသစ်ခင်းခြင်း၊ အသွားအလာများသည့် လမ်းမများကို လမ်းသားများ တိုးချဲ့ခြင်း၊ ပလက်ဖောင်း ရေမြောင်းများ ဆောင်ရွက်ပေးခြင်း၊ ယခင်ဆောင်ရွက်ပေးသော လမ်းတံတားများကို ပြန်လည်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁၄ လမ်း၊ လမ်းအရှည် သုံးမိုင် လေးဖာလုံ၊ တံတား ၁၀ စင်း၊ ရေပေးဝေရေးနှင့် အခြားလုပ်ငန်း ၂၅ ခုကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၁၆၂၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်း၊ တံတားများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ရပ်ကွက်သူ၊ ရပ်ကွက်သားများအနေဖြင့် တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်လင်းထွန်းက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ကွန်ကရစ်လမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ကျန်စစ်သားလမ်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယနေ့ ဖွင့်လှစ်သော ကျန်စစ်သားလမ်း ကွန်ကရစ်လမ်းသစ်သည် ယခင်က ကတ္တရာလမ်းဟောင်းဖြစ်ပြီး လမ်းသားပျက်စီးမှုများနှင့် ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ပြည်နယ် ဘဏ္ဍာရန်ပုံငွေကျပ် ၆၇ ဒသမ ၃၀ သန်းဖြင့် လမ်းအရှည် ၁၂၁၅ ပေ၊ လမ်းသားအကျယ် ၁၄ ပေ၊ လမ်းသားဒု ခြောက်လက်မကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါလမ်းသစ်အား ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ မုန်လာဥစိုက်တောင်သူများ စားဝတ်နေရေး အဆင်ပြေလျက်ရှိ

ကျိုက်ထို ဇန်နဝါရီ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မုန်လာဥစိုက်ပျိုးခြင်းကြောင့် တောင်သူများ အပိုဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သဘာဝမြေသြဇာအသုံးပြု**

အဆိုပါ မုန်လာဥစိုက်တောင်သူများသည် ရာသီအလိုက်သီးပင်၊ စားပင်များကို စိုက်ပျိုးရောင်းချရာတွင် စားသုံးသူများ ဘေးအန္တရာယ်မဖြစ်စေရန် သဘာဝမြေသြဇာအသုံးပြု၍ စိုက်ပျိုးကြကြောင်း၊ မုန်လာဥပင်များကို နိုဝင်ဘာလတွင်ပျိုးထောင်၍ ၁၅ ရက်သားပြည့်လျှင် သဘာဝမြေသြဇာနှင့်အတူ မြေခံဆေးရောထည့်ကာ သုံးရက်ကြာထားရှိပြီး ဥကြီးထွားရှင်သန်နိုင်သည့် ပျိုးပင်များ ရွေးထုတ်၍ နှစ်လကြာ စောင့်ဆိုင်းရကြောင်း၊ စောင့်ဆိုင်းနေသည့်ကာလတွင် ဥကြီးထွားမှုမရှိနိုင်သည့် အပင်ငယ်များကို ခွဲထုတ်ရကြောင်း၊ နှစ်လပြည့်ချိန်တွင် မုန်လာဥများ တူးဖော်ရောင်းချနိုင်ကြောင်း၊ ရောင်းချရာတွင် တစ်စည်းကို နှစ်ဥနှုန်းစည်း၍ ငွေကျပ် ၆၅၀ ဖြင့် ရောင်းချရကြောင်း၊ တစ်နေ့လျှင် အစည်း ၁၀၀ ခန့် ထွက်ရှိ၍ ရောင်းရငွေ ၆၅၀၀၀ ခန့် ရရှိသဖြင့် မိသားစုများ စားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း မုန်လာဥစိုက် တောင်သူ ဒေါ်သန္တာက ပြောသည်။

ထို့ပြင် မုန်လာဥနီ၊မုန်လာဥဖြူများသည် မြေအောက်မြစ်လျှောက် အမျိုးအစားများဖြစ်သဖြင့် မြေဆီလွှာထဲမှသတ္တုဓာတ်နှင့် အာဟာရတို့ကို အပြည့်အဝစုပ်ယူထားသည့်အပြင် မုန်လာရွက်သည်လည်း နေရောင်ခြည်ဖြင့် အစာချက်လုပ်ထား၍ ကစီဓာတ်ကြွယ်ဝကာလူကိုအာဟာရဖြစ်စေ၍ ဆေးဖက်ဝင်သီးနှံ ဆောင်းရာသီဓာတ်စာအဖြစ် စားသုံးသင့်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# မိုးညိုမြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

မိုးညို ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်မီးသတ်ဦးစီးဌာနက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး ကစားနည်း ကိုးမျိုးဖြင့် ပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (မိုးညို)၌ ပြုလုပ်သည်။



ဦးစွာ သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိုးညိုမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ဇော်က သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ်ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နည်း၊ စောင်ဖြင့် ထမ်းစင်ပြုလုပ်နည်းနှင့် သယ်ဆောင်နည်း၊ ရေသန့်ဘူးခွံဖြင့် အသက်ကယ်အင်္ကျီပြုလုပ်နည်းများ၊ သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါကဆောင်ရွက်ရမည့် နည်းစနစ်များ၊ မီးလောင်မှုကို ဖြစ်ပေါ်စေနိုင်မည့် အကြောင်းအရာများ၊ အရိုးကျိုးလူနာများအား ရှေးဦးပြုစုနည်းစသည့်ကစားနည်းကိုးမျိုးဖြင့် လေ့ကျင့်သင်ကြားပညာပေးဆောင်ရွက်ခြင်းကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၆

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၂၉-ရပ်ကွက်၊ အောင်တံခွန်(၂) လမ်းထောင့်ကွက်၊ အမှတ်-၂၈၂ ဟု ခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၉၊ မြေကွက်အမှတ်-၂၈၂၊ ဧရိယာ(၀.၀၆၀)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးဟိန်းဇော် [၁၂/ရကန(နိုင်)၀၇၁၁၀၂] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၈၇၆၄)** | **(စဉ်-၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၃ -၁-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၃ တွင်ပါရှိသော **"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"** ကြော်ငြာပါ လိပ်စာတွင် တိုးချဲ့ (B - ၆)လမ်းအစား၊ တိုးချဲ့ (B - ၈) လမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ဒေါ်သီရိ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းမင်းစိုး( L L.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၈၅၁၄ )**
**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၆၉၂၂၅၉၄၅၇၊ ၀၉-၇၅၀၁၁၁၀၉၅**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၁၆) လမ်းအနောက်၊ အမှတ်(၉၀၆)၊ (၃)ခန်းတွဲ (၅)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ(အေ)၊ အကျယ်အဝန်း (၁၃.၅x၆၀)ပေရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို ဒေါ်ချိုလွင်မေ [၁၂/ဗဟန(နိုင်)၀၉၂၇၇၃]မှ ပိုင်ဆိုင်ကြောင်း စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောယဉ်နု [၁၁/ပဏတ(နိုင်)၀၀၀၈၀၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ဒေါ်ယွန်းနဒီအောင်[၁၂/မရက(နိုင်)၁၅၁၁၈၂] မှ ကိုယ်စားပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၅၉၃၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၇

| | | |
|---|---|---|
| ၁။ Mister Kim Kuy Cheol<br>၂။ ဒေါ်သီသီအောင် | နှင့် | မောင်သော်ဇင်သန့်ရှင်း |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၂ ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်-၂၇ နေ အထက်အမည်ပါ တရားပြိုင် မောင်သော်ဇင်သန့်ရှင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **တရားပြိုင်လက်ခံရယူထားသော ငွေကျပ်သိန်း(၃၂၀)နှင့် နစ်နာကြေးငွေကျပ် သိန်း(၅၀၀)စုစုပေါင်း သိန်း(၈၂၀) ရလိုကြောင်း** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ ၁၃၈၅ ခု၊ တပို့တွဲလဆန်း ၄ ရက် မွန်းမတည့်မီ ၁၀ နာရီ**တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကမာရွတ်ခရိုင်တရားရုံး**

## "ဒဂုံမြို့သစ်မြေကွက်များ ဝယ်လိုပါသည်"

ဒဂုံဆိပ်ကမ်း(၅၉၊ ၆၀၊ ၆၁၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၁၆၈)၊ ဒဂုံအရှေ့ပိုင်း(၁၄၊ ၁၅၊ ၁၀၈၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀) တောင်ပိုင်း(၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄)ရပ်ကွက်များရှိ မြေကွက်များအား ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**ဆက်သွယ်ရန် Ph:01-7539922, 09-798891857, 09-5134630**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ်-၅ဂျီ၅)၊ မြေဧရိယာ(၀.၁၆၃) ဧကရှိ၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ) အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၃၅/P၊ ရိုးမရိပ်သာလမ်းသွယ်၊ ပြည်လမ်း၊ (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်တိုက်အဆောက်အဦ အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြူရှမ်း (ဘ) ဦးမော်ကျိုင်းလီ [၁၃/ဟပတ(နိုင်)၀၀၂၁၃၈] ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး မူလမြေအမည်ပေါက်ပိုင်ရှင် ဒေါ်ကြူရှမ်းနှင့် တိုက်ရိုက် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုရောင်းချပေးနိုင်ကြောင်း အဆိုရှိသူ အမှတ်-၁၀/၂၃၊ သိပ္ပံလမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ ဒေါ်သီတာအေး (ဘ) ဦးအိုက်လူ[၁၂/ပဇတ(နိုင်)၀၃၂၀၆၂] ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၉၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)တွင် ဖော်ပြပါရှိခဲ့သော ဦးထွန်းလင်းနိုင်(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၈၉၂၉)၏ ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာချက်မှ အရောင်းအဝယ် ပြုလုပ်သည့် ပစ္စည်းစာရင်းတွင် ချောင်တာမွန်း(ခ)ဒေါ်စန်းစန်းမြင့် အမည်ပေါက် အစား **ချောင်ဟာမွန်း(ခ)ဒေါ်စန်းစန်းမြင့်** အမည်ပေါက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## "ဒေါ်ဇင်ယမုံမျိုး နှင့် အများသိစေရန်ကြေညာခြင်း"

အဖ-ဦးအုန်းကြိုင်၏သား ဦးပြည့်ဖြိုးမင်း [၁၂/ဒဂတ(နိုင်)၀၉၅၅၆၉]၊ အမှတ် (၁၉၂၃/ခ)၊ ကျန်စစ်သားလမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ဦးပြည့်ဖြိုးမင်း နှင့် ဒေါ်ဇင်ယမုံမျိုး(ဘ)ဦးမျိုးသန့်လွင် [၁၂/ဒဂတ(နိုင်) ၀၆၄၈၈၉] သည် (၁-၅-၂၀၁၄) ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာမှ ဇနီးဖြစ်သူ ဒေါ်ဇင်ယမုံမျိုးမှာ ဦးပြည့်ဖြိုးမင်း ခွင့်မလွှတ်နိုင်သည့်ကိစ္စအား အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက်ကြောင့် ဇနီးအဖြစ်မှ အပြီးပိုင်စွန့်လွှတ်ကြောင်းနှင့် ဒေါ်ဇင်ယမုံမျိုးနှင့် ပတ်သက်သော မည်သည့်အကြောင်းကိစ္စအဝဝဟူသမျှတို့ကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဒေါ်ဇင်ယမုံမျိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး (L.L.B,D.B.L,C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၄၀၂)**
**အမှတ်(၂၀၇/က-ခ)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၅

| | | |
|---|---|---|
| ဦးအောင်မိုး | နှင့် | ၁။ ဒေါ်မြတ်ဆုကြည်<br>၂။ ဦးအောင်ကျော်သူ<br>၃။ ဦးကောင်းထက်လင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အမှတ်-၁၆/၁ နေ (ယခုနေရပ်လိပ်စာမသိသူ)ဦးအောင်ကျော်သူနှင့် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်-၆/၁၄ နေ(ယခုနေရပ်လိပ်စာမသိသူ) ဦးကောင်းထက်လင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကားတန်ဖိုးငွေကျပ်သိန်း(၂၀၀)(သို့မဟုတ်) ယာဉ်အမှတ်3R-5273,SUZUKI SWIFT အနီရောင်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၁၁)ရက်နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## အိမ်တော်ရာစေတီတော်(ရန်ကုန်)ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့



## အထူးကျေးဇူးဥပကာရတင်ရှိခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အိမ်တော်ရာစေတီတော် (ရန်ကုန်)၏ (၁၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးအား ပြာသိုလပြည့်နေ့တွင် အောင်မြင်စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပြီးဖြစ်ပါသည်။ အဆိုပါ ပွဲတော်အခမ်းအနားသို့ သာသနာ့တာဝန်များပြားနေသည့်ကြားက အချိန်မငဲ့ ကွက်ဘဲ ကြွရောက်တော်မူလာကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသ**နှင့် စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ ဩဝါဒါစရိယဥက္ကဋ္ဌဆရာတော် **အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမာမကာဘိဝံသ** ဆရာတော် ကြီးတို့အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများ စုံလင်စွာကြွရောက်တော်မူလာကြသည့် အတွက် ဂေါပကအဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က အထူးဝမ်းမြောက် ပီတိဖြစ်ရပါသည်။ အလားတူ လုပ်ငန်းတာဝန်၊ လူမှုရေးတာဝန်များပြားသည့်ကြားက တက်ရောက်လောင်းလှူပေးကြပါသော ဝန်ကြီးဌာနများမှ အလှူရှင်များ၊ ဌာနဆိုင်ရာ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ အလှူရှင်များ၊ သာသနာနုဂ္ဂဟဘွဲ့ရ ဘွဲ့ရအလှူရှင်ကြီးများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များ၊ တေဇ(၅)မှအလှူရှင်မိသားစုများ အားလုံးတို့ကိုလည်း အထူးကျေးဇူးဥပကာရတင်ရှိပါသည်။ ယခုနှစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးသည် လက်ရှိဂေါပကအဖွဲ့တာဝန်ယူ ဆောင်ရွက်ခဲ့သည့် (၂၂)နှစ်တာကာလအတွင်း အောင်မြင်စည်ကားဆုံးသောနှစ်ဖြစ်ခဲ့ပါသည်။ ယင်းသို့ ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်စီမံပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တကွ ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒဂုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တို့အားလည်း ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆကျေးရွာနေ ဦးမန်မွန်ပါအို၏ သမီး မမာန်ကန်းနဲမ်း [၄/တတန(နိုင်)၀၅၅၀၅၀]ကိုင်ဆောင်သူနှင့် မမန်းကန်းနဲမ်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ ၁၇-လမ်း၊ အမှတ်(၁၄၆)၊ အခန်းအမှတ်(၂၁၂)ဟုခေါ်တွင်သော တိုက်ခန်းသည် ဝူလိုင်ဟာ (ခ) စန်းစန်းဝင်း [၁၂/လသန (ဧည့်)၀၀၁၂၅၅] မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှအပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ( ၇ ) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးလှဝေ (စဉ်-၇၁၂၄)** | **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၂၄ ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၃၀) ဒေါ်မြင့်သန္တာစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၀)၏ ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် ၅။ ဦးကျော် [၁၂/သလန(နိုင်)၀၅၇၄၈၇]အစား ဦးကျော်အေး [၁၂/သလန(နိုင်) ၀၅၇၄၈၇]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဇ/တောင်)ရပ်ကွက်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ တိုက်(၄)၊ အခန်း (၀၀၁)မြေညီ၏ အမည်ပေါက် Dr.ခင်ဆွေဦး [၁၂/မရက (နိုင်)၀၇၀၃၀၄] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နေဇာခြည်လင်း [၁၂/ဒဂတ(နိုင်)၀၃၆၀၂၈] က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်(1A)၊ အခန်း(0908) (၉)လွှာ၏ အမည်ပေါက် ဦးမောင်မြင့် [၁၂/လမန(နိုင်)၀၁၁၅၉၅]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးပြည့်ဖြိုးထွန်း [၅/ကလတ(နိုင်)၀၈၁၇၀၇]၊ ဒေါ်သူဇာဝင်း [၁၂/သဃက(နိုင်)၁၈၁၉၄၀]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## တိုက်ခန်းအစား ကွန်ဒိုတိုက်ခန်းဟု ဖြည့်စွက်ဖတ်ရှုပါရန်

(၆-၁-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ အထက်တန်းရှေ့နေများ ဦးသန့်ဇင်နှင့် ဒေါ်ဟန်နွေနိုင်တို့၏ ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်၌ အခန်းအမှတ်(519-C)အစား ကွန်ဒိုတိုက်ခန်းအမှတ် (519-C) ဟု **ဖြည့်စွက်ဖတ်ရှုပါရန်။**

## တစ်ဦးတည်း ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ပိန်းကန်စံပြကျေးရွာမှ မောင်အေးမင်းဦး၏ ဖခင် အမည်မှန်မှာ ဦးသောင်း(ခ) ဦးသောင်းလှိုင် [၁၂/ခရန(နိုင်) ၀၂၅၈၃၃] ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်(၄)လမ်း၊ ဗိုလ်တထောင်လမ်းသွယ်(၄) လမ်းအိမ်ရာ၊ တိုက်(၁၄/၁၆)၊ အခန်း(၀၀၂)မြေညီ၏ အမည်ပေါက်ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ဖြူဖြူလွင် [၆/မအရ(နိုင်)၀၃၆၉၈၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ် (၁၇၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိဦးမျိုးဇေယျ [၁၂/ဒပန(နိုင်)၀၅၃၄၈၁] အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးမျိုးဇေယျ [၁၂/ဒပန(နိုင်)၀၅၃၄၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရဝင်း**
**(B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q), LLM (1st year)**
**(Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း–၀၉–၄၂၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် –၂၄၆

ဒေါ်ခိုင်မို့မို့လွင် နှင့် ဒေါ်လုံးတင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၆၂–ခ)ရပ်နေ တရားပြိုင် ဒေါ်လုံးတင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုက "သီးခြား သက်သာခွင့်အက်ဥပဒေပုဒ်မ–၁၂ အရ ကတိပဋိညာဉ်အတိုင်းအိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီလ ၆ ရက်နေ့ (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ဝေဘာဂီ)၊ မြေကွက်အမှတ်(၄၈)၊ ၁၅၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၄၈)၊ မြို့ပတ်လမ်း၊ ၄/ဝေဘာဂီရပ်ကွက်၊ ဦးစိန်ဝင်း(၁၂/ရကန(နိုင်)၀၂၇၂၂၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးစိန်ဝင်းထံမှ ၅–၁၂–၂၀၁၇ ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးအောင်မြင့်သိန်းမှ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်၊ ၂၈/၂၀၂၃ ဖြင့် ဦးစိန်ဝင်းအပေါ် ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ၂–၅–၂၀၂၃ ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဓာရီမှုအမှတ်–၃၇/၂၀၂၃(၂၀–၇–၂၀၂၃)ရက်စွဲပါအမိန့်အရ တရားရုံးကိုယ်စားဘီလစ်စာရေးကြီး ဒေါ်သူဇာ(၆/ထဝန(နိုင်)၀၂၆၃၄၃)မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၉)၊ မြေကွက်တည်နေရာအမှတ်(၉)၊ ပင်လုံလမ်း၊ ၃၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမျိုးမြင့်ဝင်း(၉/မရမ(နိုင်)၀၀၃၉၁၈)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား မြေအမည်ပေါက် ဦးမျိုးမြင့်ဝင်း၏(ဖခင်) ဦးခင်ဝင်းနှင့်(မိခင်)ဒေါ်သောင်းဟန်တို့မှ ဦးမျိုးမြင့်ဝင်း၊ ဦးအောင်မျိုးကျော်၊ ဦးညဏ်လင်းမြင့်တို့ သား(၃)ဦးအား မွေးဖွားခဲ့ကြောင်း၊ သား(၃)ဦးအနက် မြေအမည်ပေါက် ဦးမျိုးမြင့်ဝင်းသည် ၁၈–၇–၂၀၂၁)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်ညီအစ်ကို(၂)ဦးဖြစ်သော ဦးအောင်မျိုးကျော်(၉/မနမ(နိုင်) ၁၂၂၃၄၂)၊ ဦးညဏ်လင်းမြင့်(၉/မနမ(နိုင်)၁၂၂၃၄၃)တို့မှ ၎င်းတို့(၂)ဦးတည်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့ သာလျှင်အမွေဆက်ခံ ခွင့်ရှိသူများဖြစ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးမျိုးမြင့်ဝင်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်ဂရန်တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၂၁၇/၁)၊ ဧရိယာ(၀. ၀၃၉၈ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးငွေဝင်း [၁၂/ဗဟန(နိုင်)၀၃၁၇၀၁]အမည်ဖြင့် တည်ရှိလျက်ရှိပြီး လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၄၂၀၈၇၁၊ ၀၉–၇၉၉၂၃၀၀၃၉**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊
## တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၇၀)၊
## (7–A)ကွန်ဒိုတိုက်ခန်းဝယ်ယူမည်ဖြစ်၍
## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင် ပိုင်ဆိုင်လက်ရောက် ရယူထားသူ ဒေါ်သန်းသန်း [၁၂/လသန(နိုင်)၀၀၆၂၄၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စိန်စိန်[၁၂/တမန(နိုင်)၁၄၀၄၆၈]က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါတိုက်ခန်း ဝယ်ယူခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းဝယ်ယူခြင်း ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိန်စိန်** **ဒေါ်အိမွန်ကျော်** **ဦးရန်နိုင်(မြောင်းမြ)**
**(LL.B,D.I.L)** **LL.B(RASU);C.WIPO(Geneva)**
**တရားလွှတ်တော်ရှေ့နေ** **C.Eng:Dip.Eng(U.K):**
**(စဉ်–၁၈၆၈၄/၃၀–၁၁–၂၀၂၃)** **C.Arabic IV(Cairo)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးဟိန်းထိုက်ဇော်(ခ)ချမ်းငြိမ်းဇော်** **(စဉ်–၂၈၁၉/၈–၁၁–၁၉၈၄)**
**(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၈၃၈)**
**(၂၇–၉–၂၀၂၃)**
**၅၂–မြေညီ၊ ၁၅၇လမ်း၊ တာမွေမြို့နယ်။ Ph:09–250821486**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁၊ မြေကွက်အမှတ်–၃၀၇၊ မြေကွက်တည်နေရာအမှတ်–၃၀၇၊ ဦးပြုံးချိုလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးထွန်းမောင်(ISN–၃၉၉၃၀၈) အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေအား အမည်ပေါက်ဦးထွန်းမောင်(ဖခင်)နှင့်ဒေါ်ခင်လတ်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့ မိဘနှစ်ပါးမှမွေးဖွားသည့်သားသမီးများဖြစ်ကြသော(၁)ဦးဇော်ထွန်း [၁၃/ကလတ(နိုင်)၀၀၅၇၇၉]၊ (၂)ဦးယဉ်ထွန်း [၁၂/မရက(နိုင်)၁၁၉၄၀၄]၊ (၃)ဒေါ်အေးမင်းလတ် [၈/ပခက(နိုင်)၀၀၁၀၅၉]၊ (၄)ဒေါ်မိုးသီတာ[၈/ပခက(နိုင်)၀၀၁၉၄၉]တို့ လေးဦးအနက် ဦးဇော်ထွန်း၊ ဒေါ်မိုးသီတာ၊ ဦးယဉ်ထွန်းတို့၏ GPအမှတ်(၁၆၄၂၁/၂၀၂၃)(၁၁–၈–၂၃)ဖြင့် ဒေါ်အေးမင်းလတ်မှမိဘများတွင် မိမိတို့မောင်နှမ(၄)ဦးသာ မွေးဖွားခဲ့ကြောင်း၊ အခြားသောကိတ္တိမ မွေးစားထားသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတို့မှလွဲ၍အခြားအမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းမြေကွက်နှင့်မြေပေါ်ရှိအဆောက်အဦအားဥပဒေနှင့်အညီမိမိတို့သာလျှင်အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ GP၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်/ကတ်တို့ တင်ပြ၍ GPဒေါ်အေးမင်းလတ်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀၊ မြေကွက်အမှတ်–၁၁၄၁၊ မြေကွက်တည်နေရာအမှတ်–၁၁၄၁၊ ဂျိုးဖြူလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင် ဦးတင့်လွင်[၁၂/ဒဂတ(နိုင်)၀၇၄၂၃၁]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင့်လွင်(ခင်ပွန်း)ဖြစ်သူသည် (၂၅–၁၀–၂၀၂၀)ရက်နေ့တွင်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ရီရီခင်[၁၂/ဒဂတ(နိုင်)၁၁၇၅၈၇]၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်–၅၁၇၂/၂၀၂၃(၁၇–၃–၂၀၂၃)ရရှိသူ ဒေါ်သီရိလှိုင်[၁၂/အစန(နိုင်)၂၀၅၉၇၆] မှ ဒေါ်ရီရီခင်၏တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း အထက်ပါ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၂၄၇၈/၂၃(၂၉–၃–၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ–၅၁၇၂/၂၀၂၃ ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်–၂၄၇၅/၂၃ (၂၉–၃–၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်အုတ်ညှပ်(၁)လုံးရှိပြီး ကိုယ်တိုင်မနေ၊ GP ရရှိသူ၏ မောင်ဖြစ်သူ ကိုစိုးမင်းပိုင်နေထိုင်ပြီး ဒေါ်သီရိလှိုင်မှကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် GP ဒေါ်သီရိလှိုင်၏ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စျေးရပ်ကွက်၊ အကွက်အမှတ် လလ–၆၇၊ ဦးပိုင်အမှတ် (၆၉)/ ၅၀x၅၁လမ်းကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဦးသောင်းညွန့်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးသောင်းညွန့်၊ မိခင် ဒေါ်ခင်စိန်တို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော သားဖြစ်သူ ဦးသန်းဌွေး[၉/မနတ(နိုင်) ၀၅၉၈၅၀]ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၄)၊ မန်ကျည်းတန်းလမ်း၊ အမှတ်(၄/၁၂)၊ ဧရိယာ အလျားx အနံ (၂၉ ပေ x ၂၈ ပေ ၆ လက်မ)အကျယ်ရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ၁။ ဦးစောသိန်း [၁၂/သလန(နိုင်)၀၅၇၄၀၈]၊ ၂။ ဒေါ်အေးမိစံ [၁၂/သလန(နိုင်)၁၈၈၀၃၇]တို့ထံမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောဝတ်ရည်မျိုး LL.B., D.B.L., W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၅၅/၂၀၁၆)**
**အမှတ်(၁၉)၊ မြို့ပါတ်လမ်း၊ ၁၅–နယ်မြေ၊ ဗိုလ်ချုပ်ကျေးရွာ၊**
**သန်လျင်မြို့။ ဖုန်း–၀၉–၇၉၉၄၃၉၉၀၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်–၄၁၅/န–၁၊ ယခုဦးပိုင် ၁၆၊ ယခင် ဦးပိုင်အမှတ်–၂–က/၁၄လမ်း၊ ၈၈x၈၉လမ်းကြားရှိ ဦးစိုးဝင်းသိန်းအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးသိန်းအောင်၊ မိခင် ဒေါ်ကြည်ကြည်မြင့်ဦး၊ သား ဦးစိုးဝင်းသိန်း(လူပျိုဘဝ)ယာ၊ ဦးခင်ကျော်သိန်း၊ သား ဦးဇာနည်စန်းယုသိန်း(လူပျိုဘဝ)၊ သား ဦးခိုင်စိုးသိန်း(လူပျိုဘဝ)တို့ကွယ်လွန်၍ကျန်ရစ်သူသားသမီး၊ မြေးမများဖြစ်ကြသော ဒေါ်သင်းသင်းသိန်းအောင်[၁၀/မလမ(နိုင်)၀၀၈၃၉၈]၊ ဦးနေလင်းဦး[၉/အမဇ(နိုင်)၀၁၁၉၀၉]၊ ဒေါ်ဇင်ဇာဦး [၉/အမဇ(နိုင်)၀၁၄၄၅၀]၊ ဒေါ်ဦးဦးအောင်[၇/ညလပ(နိုင်)၀၁၃၅၉၁]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၃၅)၏ ၅လွှာ/ခြေရင်းခန်း၊ (၂) ခန်းတွဲ၊ (၈)ထပ်ရှိ တိုက်ခန်းကို ၁။ ဒေါ်သန်းသန်းအေး [၁၂/ကတတ(နိုင်)၀၁၈၂၉၂]၊ ၂။ ဦးသန့်ထူးထက် [၁၂/ကတတ(နိုင်) ၀၃၀၄၀၅]တို့ထံမှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် တရားဝင် လက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း အသိသက်သေများရှေ့မှောက်တွင် ဝန်ခံကတိပြုပြောဆိုရောင်းချရန် ကမ်းလှမ်းရာ ဦးစိုးထွန်းလင်း မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်)၁၂၁၃၁၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းလာရောက်ကွန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးထွန်းလင်း [၁၂/လမန(နိုင်)၁၂၁၃၁၃]**
**အမှတ်(၈)၊ (၃လွှာ/ခြေရင်းခန်း)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၆၇၇၉၉၊ ၀၉–၄၃၀၃၉၈၇၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/ဘီ) ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၃၃၁) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် - ၃၉/ဘီ ၊ မြေကွက်အမှတ် - ၃၃၁ ၊ ဧရိယာ (၄၀ ပေ × ၆၀ ပေ) (၂၄၀၀) စတုရန်းပေ (၀. ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးအောင်ကျော်လင်း (၁၂/ မဂတ (နိုင်) ၀၇၂၁၉၇)၊ ဦးကျော်သက်ဟိန်း (၁၂/ မဂတ (နိုင်) ၀၇၂၁၉၈)နှင့် ဒေါ်အေးစန္ဒာမြင့် (၁၂/ မဂတ (နိုင်) ၀၈၉၆၁၃)တို့ အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်**နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦ အပါအဝင် ယင်းတို့၏ သုံးစွဲခွင့်၊ လက်ရှိထားပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သည့် ဦးအောင်ကျော်လင်း၊ ဦးကျော်သက်ဟိန်းနှင့် ဒေါ်အေးစန္ဒာမြင့်တို့က ၎င်း၏လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ အခြားသူ တစ်ဦးဦးထံ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း မရှိကြောင်း၊ မိမိအနေဖြင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ချောဆုသွယ် (၁၂/ ကမတ(နိုင်) ၀၆၇၇၁၀)၊ ဦးနှင်းမောင်မောင် (၁၂/ ကမတ(နိုင်) ၀၇၀၃၅၀)တို့က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဦးအောင်ကျော်လင်း၊ ဦးကျော်သက်ဟိန်းနှင့် ဒေါ်အေးစန္ဒာမြင့်တို့၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချောဆုသွယ်၊ ဦးနှင်းမောင်မောင်တို့၏လွှဲ အပ်ညွှန်ကြားချက် အရ-**
**ဒေါ်မိုးခြူးခြူးဇင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၅၂/ ၂၀၂၁)**
**အမှတ်-၃၁၀၊ ဒုတိယထပ်၊ အောင်မေတ္တာ(အထက်)လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၁၀၀၀၁၄။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ အနော်ရထာလမ်းနှင့်ကျောင်းလမ်းထောင့်၊ မြေကွက်အမှတ်(၄၄၄)၊ မြေအကျယ်အဝန်း(၃၆ပေ/၄၂ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၃)ဧက၊ (၂၃၄၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်ကြည်စိုး [၁၂/သဃက(နိုင်)၀၀၂၁၉၃]** အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **ဒေါ်စုစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)** **အထက်တန်းရှေ့နေ (စဉ်–၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ရန်ကုန်မြို့မြောက်ဥက္ကလာပမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(၁၃/ရွှေပေါက်ကံ)ကျောက်ဆည်လမ်း၊မြေကွက်အမှတ်(၂၈၆)၊ဧရိယာ(၄၀×၆၀)ပေရှိ ဦးအောင်ကျော်မိုး(၈/တတက(နိုင်)၁၂၉၈၀၂)အမည်ပေါက်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှါးဂရန်တွင်တရားဝင်အမည်ပေါက်သူ-ဦးအောင်ကျော်မိုး(၈/တတက(နိုင်)၁၂၉၈၀၂)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ (၁)ဒေါ်ငွေငွေလှ(၁၂/ဥကတ(နိုင်)၀၄၄၇၈၇) (၂)ဒေါ်မြတ်မြတ်သူ(၁၂/ဥကတ(နိုင်)၁၄၇၁၈၀) (၃)ဦးစည်သူအောင်(ခ)ဦးညိမ်းလတ်(၁၂/ဥကတ(နိုင်)၁၆၄၃၁၈)တို့က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သဲလမ်း၊ အိမ်အမှတ်(၉၅) ဟုခေါ်တွင်သည့် (အလျား ၂၄ x အနံ ၆၀) ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်မြင့်သိန်း (ဘ)ဦးလှမြင့် [၁၂/သလန (ပြု)၀၀၃၅၈၅] ကိုင်ဆောင်သူ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိစိုး(ဘ)ဦးစိုးတင့် [၁၂/မဂတ(နိုင်)၀၈၄၆၅၈] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ် စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်– ၉၇၃၄/၂၀၁၄)**
**၀၉ – ၄၂၁၀၅၃၁၁၀**

**ဒေါ်အေးသန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် –၉၇၉၉/၂၀၁၄)**
**၀၉ – ၄၂၀၁၉၂၈၂၅**

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

တရားမပုံစံအမှတ်–၁၃၄

## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )

## ကျောက်တံတားခရိုင် တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁၀

ကွယ်လွန်သူ ဖခင်အဗ္ဗဒူစတားဟာဂျီအူမရ်၏ ကျန်ရစ်သော
ပစ္စည်းများနှင့် စပ်လျဥ်းသည့်အမှု

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒီ–၂)၊ မြေကွက်အမှတ်–၁၄၊ ဒုတိယတန်းစားမြေအမျိုးအစား၊ မြေကွက်အလယ်ပိုင်း၏ တောင်ဘက်ခြမ်း၏ တစ်ဝက်ဖြစ် သော ဘိုးဘွားပိုင်မြေအကျယ်အဝန်း (၂၄ပေx၆၀ပေ)ခန့်ရှိ မြေကွက်(အဆိုပါမြေကွက်၏ တောင်ဘက်ပိုင်းထက်ဝက်၏ အလယ်ပိုင်းမြေကွက်)နှင့် ရန်ကုန်မြို့၊ စစ်ကဲမောင်ထော်လေးလမ်း၊ မြူနီစပယ်နံပါတ် (၁၅၈/၁၆၀) နှင့် (၁၆၂)ဟုခေါ်တွင်သည့် အဆောက်အဦများ တည်ရှိရာမြေကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ အဗ္ဗဒူစတားဟာဂျီအူမရ်၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ၃၀၇ အရစီမံခန့်ခွဲခွင့်ပြုပါရန် ၎င်း၏ သားသမီးများဖြစ်သော ၁။မိုဟာမက်ဆီဒစ်၊ ၂။ မိုဟာမက်ယူစွပ်၊ ၃။ မိုဟာမက်အီဘရာဟင် ၄။ မိုင်မူနာဘိုင်၊ ၅။ကူလ်စွမ်ဘိုင်၊ ၆။မာရီယံဘီဘီ၊ ၇။ဦးအပ္ပဒူရာအူ(ပ်) (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်သန်း)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့်ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ကွယ်လွန်သူ အဗ္ဗဒူစတားဟာဂျီအူမရ် ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလကွယ်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခွင့်လက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃ နှင့်အညီဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ၁။မိုဟာမက်ဆီဒစ်၊ ၂။ မိုဟာမက်ယူစွပ်၊ ၃။ မိုဟာမက်အီဘရာဟင် ၄။ မိုင်မူနာဘိုင်၊ ၅။ကူလ်စွမ်ဘိုင်၊ ၆။မာရီယံဘီဘီ၊ ၇။ ဦးအပ္ပဒူရာအူ(ပ်) (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်သန်း) ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**




## အများသိစေရန်ကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၅၁၊မြေကွက်အမှတ်–၁၆အေ/၁.၂ ဧရိယာ(၀.၁၀၃)ဧက၊မြေကွက်တည်နေရာအမှတ်(၉၃/ဘီ)၊ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ဦးမောင်မောင်အေး(၁၀/မလမ(နိုင်)၀၁၅၂၁၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်–ဦးမောင်မောင်အေးမှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားရင်ခြကိုက်ပျက်စီးသွားခဲ့ကြောင်းနှင့်အဆိုပါဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချပေါင်နှံထားခြင်း၊ပေးကမ်းစွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံတင်သွင်းထားခြင်းတို့မရှိကြောင်း အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက၎င်းကသာတာဝန်ယူကြောင်းရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်စာအမှတ်–၂၀၃၈/၂၀၂၃ (၂၆–၇–၂၀၂၃)ရက်နေ့ကျမ်းကျိန်လွှာ၊၂၁–၇–၂၀၂၃ရက်နေ့ဗဟန်းမြို့မရဲစခန်းထောက်ခံချက်၊အနောက်ရွှေဂုံတိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ဦးမောင်မောင်အေးမှနှစ်(၆၀)ဂရန်မူရင်းမှာပေါင်းနှံပေးကမ်း၊အာမခံပေး၍ငွေချေးထားခြင်း၊တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်းမရှိကြောင်း ဂရန်ပျက်စီးကြောင်းကိုယ်တိုင်ဝန်ခံချက်ပြုသည့်(၁၆–၁–၂၀၂၄)ရက်နေ့ဝန်ခံကတိပြုချက်တို့နှင့်အတူဂရန်မိတ္တူလျှောက်ထားမှုကိုသတင်းစာကြော်ငြာဆောင်ရွက်ခဲ့ရာကန့်ကွက်မှုမရှိပါသဖြင့်ဦးမောင်မောင်အေး၏နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်လျှောက်ထားမှုကိုခွင့်ပြုမည်ဖြစ်ပါ၍အဆိုပါမြေကွက်အမှတ်–၁၆အေ/၁.၂အတွက်ယခင်အမှုတွဲအမှတ်–ဗဟ/ဂရန်သစ်–၃၀/၁၉၉၅(၃၀–၁၁–၁၉၉၅)အရမူလဂရန်မူရင်းထုတ်ပေးထားရှိခဲ့သောမူလနှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်ကိုပယ်ဖျက်ကြောင်းနှင့်ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၆၆)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၇)ထပ်တိုက်၏ ဆင္ဌမထပ်၊ ၇–လွှာ၊ အကျယ်အဝန်း(အလျား ၂၅ ပေxအနံ ၅၀ ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကြည်ဝင်း [၁၂/ကမတ(နိုင်)၀၃၃၀၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းစည်သူ [၁၂/သကတ(နိုင်)၁၇၀၈၄၃]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၅၆၊မြေကွက်အမှတ်–၁၂၄၈/က၊မြေကွက်တည်နေရာအမှတ်–၁၂၄၈/က၊နဝရတ်ကိုးသွယ်လမ်း၊(၅၆)ရပ်ကွက်၊ဒဂုံတောင်၊ဦးဇော်ထွန်း(၇/ရတန(နိုင်)၀၀၂၅၃၆)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်–ဦးဇော်ထွန်း၏ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၁၆၀၉/၂၀၂၂(၇–၇–၂၀၂၂)ရရှိသူဦးထွန်းမြင့်(၉/ဝတန(နိုင်)၂၅၀၆၂၉)မှဦးဇော်ထွန်း၏နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသွားကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊မြို့မရဲစခန်းထောက်ခံချက်၊နှစ်(၆၀)ဂရန်မှာမိမိ၏လက်ဝယ်တွင်သိမ်းဆည်းထားရာမှသိမ်းဆည်းလွန်ပြီးပျောက်ဆုံးသွားပါကြောင်း၊အထက်ပါမြေကွက်၏အကျိုးခံစားခွင့်တို့အားအရှုပ်အရှင်းတစ်စုံတစ်ရာမရှိပိုင်ဆိုင်ထားသူဖြစ်ပြီးအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့မှကင်းရှင်းပါကြောင်းနှင့်မိမိ၏နှစ်(၆၀)ဂရန်မူရင်းအမှန်တကယ်ပျောက်ဆုံးသည်မှာမှန်ကန်ပါကြောင်းကျမ်းကျိန်လွှာအမှတ်–၉၃၉/၂၀၂၂(၂၆–၇–၂၀၂၂)၊ကိုယ်တိုင်ဝန်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အထွေထွေကိုယ်စားလှယ်လွှဲစာ–၁၁၆၀၉/၂၀၂၂ဖြင့်ကိုယ်စားလှယ်လွှဲသူယနေ့ထိသက်ရှိထင်ရှားရှိကြောင်းနှင့်ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာအမှတ်–၉၂၃/၂၀၂၂(၂၆–၇–၂၀၂၂)၊နှစ်(၆၀)ဂရန်မိတ္တူတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာပါသည်။ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီမြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊သတင်းစာကြော်ငြာပြီးGPဦးထွန်းမြင့်၏ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်း(Town Land Roll)တွင်မြေငှားစာချုပ်အမှတ်–၁၃၃/၉၆(၁၅–၁–၉၆)ရက်နေ့မှစ၍ထုတ်ပေးထားသည့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအားရုံးတွင်းအမိန့်အမှတ်(၄၀၈၁/၂၀၂၃)ဖြင့်ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် GPဦးထွန်းမြင့်၏ဂရန်မိတ္တူလျှောက်ထားခြင်းအားခွင့်ပြုပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၂၉)၊ မြေညီထပ်၊ ခြေရင်းခန်းနေ ဦးရဲထွန်းဦး[၇/ဒဥန(နိုင်)၀၀၀၄၃၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွန်းဦးသည် ဖခင်ဦးမြင့်သိန်း(ခ)တန်ချွန်ကင် [၁၂/ကမရ(နိုင်)၀၅၀၀၂၈] နှင့်မိခင် ဒေါ်စန်းစန်းဝေ [၁၂/ကမရ(နိုင်)၀၅၀၀၂၉] တို့(၂)ဦးလက်ထပ်ပြီးမွေးဖွားသည့် သားသမီး(၃)ဦးအနက် သားကြီးဖြစ်ပြီး (၁) ဦးရဲထွန်းဦး [၇/ဒဥန(နိုင်)၀၀၀၄၃၃]၊ (၂) ဦးရဲကျော်မာ [၁၂/ကမရ(နိုင်)၀၀၂၇၄၄] (၃) ဒေါ်ဖြူဖြူအေး [၁၂/ကမရ(နိုင်)၀၄၉၈၁၁]တို့ (၃)ဦးကိုသာ သားသမီးအရင်းများအဖြစ် မွေးဖွားခဲ့ကြပါသည်။ ဖခင်ဦးမြင့်သိန်း(ခ)တန်ချွန်ကင်သည် (၂၅–၇–၂၀၂၁)နေ့တွင်လည်းကောင်း၊ မိခင်ဒေါ်စန်းစန်းဝေသည် (၁၅–၁၀–၂၀၁၇)တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ မိဘနှစ်ပါးသည် တရုတ်လူမျိုး၊ ဗုဒ္ဓ ဘာသာ ကိုးကွယ်ကြပြီး FRC(ဧည့်နိုင်ငံသား)များဖြစ်ကြပါသည်။ ၎င်းတို့မကွယ်လွန်ခင် မိဘနှစ်ပါးသည် သားကြီးရဲထွန်းဦးအား NRC (နိုင်ငံသားပြုခွင့်ရသူ)ဖြစ်စေချင်သည့်အတွက် ဦးရဲထွန်းဦး၏ ဖခင်အမည်အား ဦးလေးဖြစ်သူ ဦးအောင်မြင့်သည် ဒေါ်မြမြ(နိုင်ငံသားနှင့်လက်ထပ်ထား၍) နိုင်ငံသားဖြစ်စေရန်ရည်ရွယ်ပြီး ဦးအောင်မြင့်နှင့်ဒေါ်မြမြတို့၏ အမည်အား ဦးရဲထွန်းဦး၏ မိဘများအဖြစ် အမည်ခံစေပြီး သန်းခေါင်စာရင်းတွင်ထည့်သွင်းခဲ့ပါသည်။ ဦးရဲထွန်းဦးအား ဦးအောင်မြင့်နှင့် ဒေါ်မြမြတို့မှ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်ကိတ္တိမသားအဖြစ် စာချုပ်ချုပ်ပြီး အမွေစားအမွေခံခြင်းနည်းလမ်းဖြင့် မွေးစားထားခဲ့ခြင်း မရှိပါ။ ဦးရဲထွန်းဦးသည် မိဘအရင်းနှစ်ပါးဖြစ်သူ ဦးမြင့်သိန်းနှင့်ဒေါ်စန်းစန်းဝေ၊ ညီဖြစ်သူရဲကျော်မာ၊ ညီမဖြစ်သူ ဒေါ်ဖြူဖြူအေးတို့နှင့်အတူ အမှတ်(၅)၊ မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ သန်းခေါင်စာရင်းတွင် သန်းခေါင်စာရင်းဝင်အဖြစ် ဦးရဲထွန်းဦးအား ထည့်သွင်းထားပြီး မိသားစုဝင်များအဖြစ် အတူနေထိုင်ခဲ့ကြသူများ ဖြစ်ပါသည်။ ဖခင်ဦးမြင့်သိန်းသည် မူလကFRCဖြစ်သော်လည်း မြန်မာပြည်တွင်း အနေကြာ၍ NRCပြုခွင့်ရခဲ့ပါသည်။ ဖခင်NRC ရပြီးမှ ညီဖြစ်သူရဲကျော်မာနှင့် ညီမဖြူဖြူအေးတို့အား မွေးဖွားခဲ့ခြင်းဖြစ်ပါသည်။ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ညီဖြစ်သူ ရဲကျော်မာနှင့် ညီမဖြစ်သူ ဖြူဖြူအေးတို့မှ အိမ်ထောင် အသီးသီးကျပြီးဖြစ်၍ မိဘနှစ်ပါးပိုင်အမွေပစ္စည်းများဖြစ်သော ရန်ကုန်မြို့၊ လှိုင်မြို့ နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ (၁၅. ၅)ပေx(၅၀)ပေရှိ အမှတ်(၆)ဟုခေါ်တွင်သည့် မြေညီထပ်+ထပ်ခိုး ခြေရင်းခန်း(၁)ခန်း၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အကျယ်အဝန်(၁၅. ၅)ပေx(၅၀)ပေရှိ အမှတ်(၂၉)ဟု ခေါ်တွင်သည့် မြေညီထပ်+ထပ်ခိုး ခြေရင်းခန်း(၁)ခန်း၊ Suzuki Ertiga ယာဉ်နံပါတ် 5M–7139(၁)စီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ် လူနေရပ်ကွက်အမှတ်(စက်မှုဒေသ)မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၂၉) အကျယ်အဝန်း (၇၉x၁၃၅)ပေ၊ ဧရိယာ(၀. ၂၄၅)ဧကဟုခေါ်တွင်သည့် ဒေါ်စန်းစန်းဝေအမည်ဖြင့် မြေငှားဂရန်တွင် အမည်ပေါက်လျက်ရှိသည့် နှစ်(၆၀)၊ စက်မှုဇုန်ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (စက်မှုဒေသ)မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၀)အကျယ်အဝန်း (၇၉x၁၃၅)ပေဧရိယာ (၀.၂၄၅)ဟုခေါ်တွင်သည့် ဒေါ်စန်းစန်းဝေအမည်ဖြင့် တည်ရှိသည့်နှစ်(၆၀)စက်မှုဇုန် ဂရန်မြေကွက်တို့ အမွေပစ္စည်းများအဖြစ်ကျန်ရှိခဲ့ပါသည်။ ဖခင်ကွယ်လွန်ပြီးနောက် (၁၀)ရက်အတွင်း ညီဖြစ်သူ ရဲကျော်မာနှင့် ညီမဖြစ်သူဖြူဖြူအေးတို့မှ စက္ကူအပိုင်းစာရွက်ဖြင့် ရေးသားထားသည့် စာမှတ်စာတမ်းအားပြသပြီး ဖခင်ဖြစ်သူမှ အမွေပစ္စည်းများအား အမွေခွဲလျှင် ဦးရဲထွန်းဦးအတွက်ဝေစု($\frac{3}{13}$)ပုံ၊ ဦးရဲကျော်မာအတွက် ဝေစု $\frac{6}{13}$ပုံ၊ ဒေါ်ဖြူဖြူအေးအတွက်ဝေစု$\frac{4}{13}$ပုံအတိုင်း ခွဲဝေရမည်ဟု ညီနှင့်ညီမဖြစ်သူမှ ပြောဆိုသည့်အတွက် အစ်ကိုကြီးဖြစ်သူ ဦးရဲထွန်းဦးမှ ၎င်းတို့ကိုငဲ့ညှာပြီး ထိုအချိုးအတိုင်း တရုတ်လူမျိုး ဗုဒ္ဓဘာသာဖြစ်ပါလျက် လက်ခံရမည်ဟုပြော၍ ဦးသောင်းညွန့်(အထက်တန်းရှေ့နေ)ဖြင့် (၁၆–၁–၂၀၂၂)ရက်စွဲပါအမွေခွဲဝေခြင်းစီမံချက်ကတိစာချုပ်အရ (၃)ဦး သဘောတူညီပြီး စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုစာချုပ်အပိုဒ်(၉) အရ ဦးရဲကျော်မာသည် စက်မှုဇုန် မြေကွက်(၂၉)နှင့်(၃၀)တို့အား အမွေခွဲဝေရာတွင်မြေကွက်အမှတ်(၂၉) အား ဦးရဲကျော်မာအား ကျန်(၂)ဦးမှ ပေးအပ်ရန် ထိုပေးအပ်သည့်အပေါ် ၎င်း၏ အမည်ပေါက်ရန်အတွက် ဦးရဲထွန်းဦးနှင့်ဒေါ်ဖြူဖြူအေးတို့မှ စွန့်လွှတ်ပေးရမည်ဖြစ်ကြောင်း ထိုမြေကွက်အားဦးရဲကျော်မာမှ ကျပ်သိန်း (၅၀၀)တန်ဖိုးဖြတ်၍ ဦးရဲထွန်းဦးနှင့် ဒေါ်ဖြူဖြူအေးတို့ထံသို့ (၁၆–၁–၂၀၂၁)စာချုပ်ချုပ်သည့်နေ့က ကျပ်သိန်း(၂၅၀)အားပေး အပ်ရာဦးရဲထွန်းဦးမှ (၁၀၇)သိန်း၊ ဖြူဖြူအေးမှ (၁၄၃)သိန်းလက်ခံရရှိခဲ့ကြပါသည်။ ကျန်ငွေသိန်း(၂၅၀)အား ထိုမြေကွက်အတွက် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကိုယ်စားလှယ်လွှဲစာလွှဲသည့်နေ့တွင် ဦးရဲကျော်မာမှ ဦးရဲထွန်းဦးနှင့် ဒေါ်ဖြူဖြူအေးတို့ထံသို့ ပေးအပ်မည်ဟု ကတိပြုထားသော်လည်း ယနေ့(၂၅–၁–၂၀၂၄) ရက်နေ့အထိ ကျန်ငွေသိန်း (၂၅၀)အား ပေးအပ်ခဲ့ခြင်း(လုံးဝ)မရှိပါဘဲလျက် ဦးရဲကျော်မာသည် ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်ဂရန်မြေကွက် အမှတ်(၃၀)အား စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဦးရဲကျော်မာနှင့် ဒေါ်ဖြူဖြူအေးတို့ မောင်နှမနှစ်ဦးသာရှိကြောင်း မမှန်မကန်ဖော်ပြပြီး မောင်နှမအရင်း(၃)ဦးရှိသည်ကို ထိန်ချန်ပြီး မမှန်မကန်ဖော်ပြလျက် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၉၃၆၅/၂၂)ကို(၁၈–၁၁–၂၀၂၂)နေ့တွင်လည်းကောင်း၊ စွန့်လွှတ်စာချုပ်အမှတ်(၈၁၉၈/၂၂)ကို(၁၈–၁၁–၂၀၂၂)နေ့တွင်လည်းကောင်း စာချုပ်များကို မမှန်မကန်အလွဲဖော်ပြပြီး စာချုပ်ပြုလုပ်ချုပ်ဆိုကာ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် စက်မှုဒေသ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၀)အား အထက်ပါစာချုပ်(၂)ခုကိုပြသပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ရပသ/ပြောင်း (၂၀၂၂၀၃၂၃၉၆) (၇–၁၂–၂၀၂၂)ဖြင့် ဒုမှူးခွင့်ပြု (၃–၂–၂၀၂၃)ဖြင့် ဒေါ်စန်းစန်းဝေ [၁၂/ကမရ(နိုင်)၀၅၀၀၂၉]၏အမည်မှ ဦးရဲကျော်မာ [၁၂/ကမရ(နိုင်)၀၀၂၇၄၄]အမည်သို့ ဂရန်အမည်ပြောင်းခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အပေါ် ညီဖြစ်သူဦးရဲကျော်မာနှင့် ညီမဖြစ်သူဒေါ်ဖြူဖြူအေးတို့သည် အစ်ကိုကြီးဖြစ်သူ ဦးရဲထွန်းဦးအား အသိမပေးဘဲ မမှန်မကန် ဆောင်ရွက် ခဲ့ကြပါသည်။ မြေကွက်အမှတ်(၃၀)၏ဂရန်(မူရင်း) အား (၁၆–၁–၂၀၂၂)ရက်နေ့ကတည်းက ဦးရဲကျော်မာမှ လက်ခံရယူထားခဲ့ပါသည်။ မြေကွက်အမှတ်(၂၉) ဒေါ်စန်းစန်းဝေ၏ အမည်ပေါက် စက်မှုဇုန်ဂရန်(မူရင်း)အား ညီမဖြစ်သူဒေါ်ဖြူဖြူအေး တစ်ဦးတည်းမှလက်ခံရယူထားခဲ့ပါသည်။ ဦးရဲထွန်းဦးသည် အစ်ကိုကြီးဖြစ်သော်လည်း မြေငှားဂရန်(မူရင်း)တစ်စောင်ကိုမျှ လက်ဝယ်ကိုင်ဆောင်ခွင့်မရခဲ့ပါ။ မြေကွက်(၂၉)အတွက် ဦးရဲကျော်မာသည်အပြီး အပိုင်စွန့်လွှတ်ပေးခြင်းစာချုပ်ချုပ်ဆိုပေးခြင်းမရှိ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုပေးခြင်းမရှိဘဲထားရှိခဲ့ရာတွင် ဦးရဲထွန်းဦးသည် မြေကွက်အမှတ်(၂၉)နှင့်(၃၀)အား ငွေရရန်အတွက် နေသူမဲ့(အလွတ်)မထားရှိဘဲ အခြားသူထံသို့ အငှားချထားပြီး ငှားရမ်းခငွေများအား မောင်နှမ(၃)ဦးအညီ အမျှခွဲဝေယူရန် ဆောင်ရွက်သည့်အခါမှ အထက်ဖော်ပြပါကဲ့သို့ ဦးရဲကျော်မာမှ အလွဲပြောဆို၍ မှတ်ပုံတင် စာချုပ်များပြုလုပ်ချုပ်ဆိုထားခြင်း ၎င်း၏အမည်ပေါက်အဖြစ် မြေငှားဂရန်အား အမည်လွှဲပြောင်းထားခြင်းတို့ကို စုံစမ်းသိရှိခဲ့ရပါသည်။ (၁၆–၁–၂၀၂၂)စာချုပ်သည် မှတ်ပုံတင်ထားသည့်စာချုပ်မဟုတ်၍ ထိုကဲ့သို့ ဆောင်ရွက်ထားမှုများအပေါ် သက်ဆိုင်ရာတရားရုံးတွင် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် (၉၃၆၅/၂၀၂၂)ရက်စွဲပါ ပိုင်ဆိုင်ကြောင်း စာချုပ်နှင့်(၈၁၉၈/၂၀၂၂) ရက်စွဲပါ စွန့်လွှတ်စာချုပ်များနှင့်ပတ်သက်ပြီး စာချုပ်စာတမ်း ပယ်ဖျက်ပေးစေလိုမှုဖြင့် တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ယခုကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပြေလည်အောင်ဖြေရှင်းခြင်းမရှိပါက ဦးရဲကျော်မာ မှ YCDC အဆောက်အဦနှင့်အင်ဂျင်နီယာဌာန၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတို့တွင် မြေကွက်အမှတ်(၃၀)အား အုတ်ခြံစည်းရိုး(သီးခြား)ခတ်ရန် ဆောင်ရွက်နေမှုအပေါ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့ထံသို့ တင်ပြပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ထွေး (LLB, DBL) (စဉ်–၈၀၁၀)**
**ဒေါ်ကြည်ကြည်လေး (LLB, DBL) (စဉ်–၇၃၃၃)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E–1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၃၃၆၃၅၇၀၊ ၀၉–၉၅၁၉၉၅၁၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာ ပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့် ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## အထက်အညာဒေသများမှ စတင်ထွက်ရှိလာသည့် အထွက်တိုးပြောင်း (ရွှေနီပြောင်း)များ မန္တလေးဈေးကွက်၌ အရောင်းအဝယ်ကောင်း

မန္တလေး ဇန်နဝါရီ ၂၆

၂၀၂၆ ခုနှစ် နှစ်ဆန်းပိုင်း ဆောင်းရာသီကာလတွင် အထက်အညာဒေသများမှ စတင်ထွက်ရှိလာသည့် အထွက်တိုးပြောင်း(ရွှေနီပြောင်း)များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာကာ အရောင်းအဝယ်များကောင်းမွန်နေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။

အဆိုပါ အထွက်တိုး(ရွှေနီပြောင်း)မှာ နံ့စားပြောင်းအုပ်စုတွင်ပါဝင်ပြီး ဆေးဝါးနှင့် အရက်ချက်လုပ်ရာတွင် အသုံးပြုသည့် သီးနှံတစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ဝယ်ယူမှုများပြားသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ကာ လက်ရှိဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၇၀၀၀ ပေါက်ဈေးဖြင့် ရပ်တည်နေကာ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍





## ဂျိုကိုဗစ်ကို အနိုင်ရပြီး ဂျန်နစ်ဆင်နာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတက်လှမ်း

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်နဲ့ အီတလီပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျန်နစ်ဆင်နာတို့ ဇန်နဝါရီ ၂၆ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဂျန်နစ်ဆင်နာက ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ✪

## လာမည့်ရာသီတွင် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို အစောဆုံးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီတွင် ကျင်းပရန်စီစဉ်ထားသည့် လိဂ်ပြိုင်ပွဲများအနက် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို အစောဆုံးကျင်းပမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီတွင် လိဂ်ပြိုင်ပွဲလေးခုကျင်းပရန် စီစဉ်ထားပြီး MNL ပြိုင်ပွဲကိုသာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ဘောလုံးပြက္ခဒိန်အတိုင်း ကျင်းပမည်ဖြစ်သော်လည်း ကျန်ပြိုင်ပွဲများဖြစ်သည့် MNL-2 ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲနှင့် MNL ယူ-၂၀ ပြိုင်ပွဲကိုမူ ၂၀၂၆ ခုနှစ်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❒



မြဝတီအမျိုးသမီးအသင်းနှင့် ISPE အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ

ဘဝဂ်သို့ညံ မိုးသို့ယံ ပြည်သူတို့ရဲ့အသံ

ဆောင်းပါး စာမျက်နှာ » ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁၅ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၇၅ ကီလို၊ အိုက်စ် ၁၅၀၂ ကီလို၊ ကက်တမင်း ၅၅ ကီလိုနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၄

ဝေါမြို့နယ်ရှိ ဒေသခံပြည်သူ ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီး တံတားတစ်စင်းကိုပါ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

စာမျက်နှာ » ၁၅